# ရေးလာတဲ့ပေးစာ

**အယ်ဒီတာရှင့်**

ကျမအနေနဲ့နိုင်ငံရေးအကြောင်း ကြီးကြီးကျယ်ကျယ်ပြောဆိုရအောင် နအဖဆိုတာကိုတောင်မသိတဲ့ ကျမပါ။ ဒါပေမယ့် ကျမကြားဖူးတာလေးတစ်ခုကိုတော့ တင်ပြချင်ပါတယ်။ အသုံးတည့်မယ်ထင်ရင်လည်းထည့်သုံးပေးပါ၊ မတည့်ဘူးဆိုရင်လည်း သဘောပေါ့။ လူသားတွေအားလုံးဟာ ပင်ကိုယ်အသိဉာဏ်တစ်မျိုးစီရှိကြတယ်။ ပုထုစဉ်လူသားမှန်ရင် အပြစ်ပြောစရာမရှိအောင် ဘက်စုံထူးချွန်တယ်ဆိုတာ မရှိလိုပါဘူး။ (အတုမရှိမြတ်စွာဘုရားက လွဲလို့ပေါ့ )

လွတ်လပ်ရေးကြီးရရှိအောင် တိုင်းရင်းသားတွေပူးပေါင်းပါဝင်ပြီး တိုက်ယူခဲ့ကြတယ်။ ပြည်ထောင်စုအမည်ခံပြီး စစ်အစိုးရတွေ မြွေအရေခွံလဲသလိုတသုတ်ပြီး၊ တသုတ်အုပ်ချုပ်ခဲ့တယ်။ လွတ်လပ်ရေးရပြီးချိန်ကစပြီး ယခုအချိန်ထိ ၅၈ နှစ်တာကာလပတ်လုံး တောင်ပေါ်တိုင်းရင်းသားတွေဟာ အခွင့်အရေးတန်းတူညီခွင့်မရရှိကြပါဘူး။ဒါ့အပြင် အမျိုးသားရေးလှုပ်ရှားနေကြတဲ့သူတွေအချင်းချင်း စိတ်ဝမ်းကွဲအောင် အမျိုးမျိုးသွေးထိုးနေတဲ့နအဖရဲ့လုပ်ရပ်ကြောင့် ရိုးသားပြီး အမှန်တရားကိုလေးစားမြတ်နိုးတဲ့သူတွေကြား ပဋိပက္ခတွေပိုမိုကြီးထွားလာခဲ့တယ်။ ဒီအကြောင်းတွေ ကြားသိရလေ၊ စစ်အစိုးရကို နာကြည်းမုန်းတီးလေဖြစ်ခဲ့ရတယ်။ အားမတန်လို့မာန်လျှော့ရတဲ့ တိုင်းရင်းသားအဖွဲ့ထဲကတချို့ နအဖဆီလက်နက်ချတာတွေ၊ အပစ်အခတ်ရပ်စဲတာတွေဟာ ခဏတဖြုတ် အရိပ်ခိုလှုံတာပဲဖြစ်တယ်လို့ယူဆတယ်။ ဘာလို့လဲဆိုတော့ အဖွဲ့အစည်းတွေကြားမှာ သူတဗိုလ်၊ငါတမင်း လုပ်နေတဲ့သူတွေလည်း ဒုနဲ့ဒေးဘဲလေ။ ဒီလိုပြောလိုက်လို့ စိတ်ဆိုးခဲ့မယ်ဆိုရင် မိမိကိုယ်ကို ပြန်ပြီးသုံးသပ်ကြည့်သင့်ပါတယ်။ ကိုယ့်အမှား ကိုလည်းမြင်တတ်ရပါမယ်။ အမှားသိရင် အမှန်ကိုပြင်နိုင်တာကတော့ ရှေ့ဆက်သွားဖို့ အလားအလာကောင်းဘဲဖြစ်ပါတယ်။ အချင်းချင်းရဲ့ ပြောဆိုတင်ပြချက်ကိုလည်း အလေးထားဂရုပြုပြီး၊ အားလုံးနဲ့ညှိနှိုင်း တိုင်ပင်၊ ဆုံးဖြတ်၊ လုပ်ဆောင်သင့်ပါတယ်။ ကျမကတော့ တိုင်းရင်းသားအားလုံးအတွက် စစ်မှန်တဲ့ပြည်ထောင်စုစင်စစ်ကိုဘဲ လိုလားပါတယ်။ မိမိတို့ရဲ့ တစ်အုပ်စုကောင်းစားရေးကိုသာကြည့်တဲ့ နအဖ လိုမဖြစ်စေချင်ပါဘူး။ ဘာကြောင့်ဒီလိုပြောရသလဲဆိုရင် ဝန်ထမ်းတွေအားလုံးကို လစာတိုးပေးတာမှန်ပေမယ့် စစ်အာဏာရှင် ကြီးစိုးနေတဲ့ခေတ်မှာ စစ်သားတွေဟာ အခြားဝန်ထမ်းတွေထက် လစာပိုရတာကိုကြည့်ရင် သိနိုင်ပါတယ်။ ပြည်သူတွေ ဝမ်းသာမယ် ကြံတုန်း။ ဟော—လာပြန်ပြီ လစာတိုးပေးတာဖြင့်မကြာသေးဘူး။ ဝန်ထမ်းတွေရရှိတဲ့ဝင်ငွေပေါ်မှာ ဝင်ငွေခွန်ဆိုပြီး နအဖက အခွန်ကောက်အုံးမတဲ့။ ရှေးလူကြီးတွေ ပြောစကားကိုသွားသတိရမိတယ်။ ဘာတဲ့ – ဝမ်းသာစရာရှိရင်၊ ချက်ချင်းဝမ်းမသာနဲ့။ ဝမ်းနည်းစရာရှိရင်လည်း ချက်ချင်းဝမ်းမနည်းပါနဲ့တဲ့။ **NDD** တို့ပြောသလို ဖင်မနိုင်ဘဲ ပဲကြီးဟင်းစားမိတဲ့ နအဖတို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ ဒုက္ခ၊ ဒုက္ခ။

**သျှမ်းရိုးမက နန်းမိုးမခ**

ခေတ္တ–ဗန်ကောက်။ ဇူလိုင် ၂၅၊ ၂၀၀၆။




Photo: NLM

ဤသို့သတင်းစာထဲလိမ်ညာထည့်သွင်းဖော်ပြနိုင်ရန် အဆိုပါကွန်ပျူတာခန်းများတွင် မရှိသောကျောင်းသားများကိုယ်စား ပင်လုံမြို့ တက္ကသိုလ်ရှိဝန်ထမ်းများကို ခဏတဖြုတ်အစားထိုး၍ သရုပ်ဆောင်ရိုက်ကူးပြသခြင်းဖြစ်ကြောင်း၊ မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရသူ ပင်လုံတက္ကသိုလ်ကျောင်းသူဟောင်းတစ်ဦးက ပြောပြခဲ့သည်။



INDP 225 SHAN & BUR.pmd 21 8/10/2006, 9:42 AM

# UNA မှ UNSG ကိုဖီအန်နန်သို့

တိုင်းရင်းသားနိုင်ငံရေး ၁၁ ပါတီစုပေါင်းဖွဲ့စည်းထားတဲ့ UNA ခေါ် ညီညွန့်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့က ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်–ကိုဖီအန်နန် UNSG- Kofi Annan ဆီ ၁၁–၅–၀၆ နေ့ကစာပေးပို့ပြီး၊ မြန်မာ့အရေးကို ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ UNSC မှာ တင်သွင်းဖြေရှင်းဖို့ တောင်းဆိုခဲ့ပါတယ်။

မေလအတွင်း ကမ္ဘာ့ကုလသမဂ္ဂ UN လက်ထောက်အတွင်းရေးမှူး Ibrahim Gambari မြန်မာနိုင်ငံသွားတုန်းက UNA ခေါင်းဆောင်တွေနဲ့တွေ့ဖို့စီစဉ်ခဲ့ပေမယ့် နအဖ ကခွင့်မပြုလို့မတွေ့ခဲ့ရပါဘူး။ ဒါပေမဲ့ တိုင်းရင်းသားခေါင်းဆောင်တွေဟာ မြန်မာ့အရေး ပြေလည်ဖို့ဆိုရင် ကမ္ဘာ့ကုလသမဂ္ဂ UN ရဲ့ အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်တဲ့ လုံခြုံရေးကောင်စီကဖြေရှင်းရမယ်ဆိုတဲ့ သတင်းစကားကိုတော့ ကမ္ဘာ့ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူး Mr.Gambari မှတဆင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်–ကိုဖီအန်နန် Kofi Annan ကိုပန်ကြားခဲ့တယ်လို့ဆိုပါတယ်။

UNA က UN အတွင်းရေးမှူးချုပ်ဆီ စာပေးပို့လိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး UNA ပြောခွင့်ရပုဂ္ဂိုလ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ပူကျင့်ရှင်းထန်က အခုလိုပြောပါတယ်။

*"အရင်က UN ကိုယ်စားလှယ်တွေ လွှတ်လွှတ်နေတယ်။ ဘာမှအကြောင်း မထူးဘူး။ အထွေထွေအတွင်းရေးမှူးချုပ် ကိုယ်တိုင်ကလည်း သူ့ကိုယ်စားလှယ်လွှတ်တယ်။ အဲ့ဒါလည်း သိပ်အကြောင်းမထူးဘူး။ ဒါကြောင့် လုံခြုံရေးကောင်စီကိုယ်တိုင် ဒီထဲမှာလာပြီး၊ နအဖနဲ့အတူလုပ်ရင် ပိုထိရောက်မလားဆိုပြီးတော့ ကျနော်တို့တင်ပြတာပါ။ လူမျိုးစုတွေရဲ့သဘောထားက ဒီလိုရှိတယ်။ **Gambari** နဲ့မတွေ့ရပေမဲ့ ကျနော်တို့ရဲ့ **stand** က ဒီလိုဖြစ်တယ်ဆိုတာ ဖော်ပြတာပါ။ ဘာကြောင့်လည်းဆိုတော့UNA ခေါင်းဆောင်တွေဖြစ်တဲ့ သျှမ်း SNLD ဥက္ကဌ ခွန်ထွန်းဦးတို့၊ အတွင်းရေးမှူး စိုင်းညွန့်လွင်တို့ကို နိုင်ငံရေး ပုဒ်မလည်းမဟုတ်ဘဲနဲ့ နှစ်ရှည်ထောင်ဒဏ်တွေချတယ်။ ဒီလိုမတရားသဖြင့် အဖမ်းခံထားရတာတွေ၊ တခါတခါကျရင် ထောင်ဝင်စာတောင်မှတွေ့လို့မရတဲ့ နယ်စွန်နယ်ဖျားမှာသွားထားတာတွေဟာ လူ့အခွင့်အရေးကို ချိုးဖောက်တာပဲဆိုတာ လုံခြုံရေးကောင်စီကို တင်ပြချင်လို့ အရေးတကြီးအစီရင်ခံရတာပါ။ ကျနော်တို့ UNA မှာ လူမျိုးစုပါတီက ၁၁ ပါတီ ရှိပါတယ်။"*



ခွန်ထွန်းဦး ပူကျင့်ရှင်းထန်

*"ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** ထဲမှာပါတဲ့ **NLD** လူကြီးတွေရဲ့ သဘောထားလည်း ကျနော်တို့နဲ့အလားတူပါဘဲ။ ကျနော်တို့ညှိနှိုင်းဆွေးနွေးမှု မလုပ်ရပေမဲ့ ဒီသဘောထားပဲရှိကြတယ်လို့ ကျနော်ယူဆပါတယ်။"*

*"နိုင်ငံရေးပြဿနာတွေ ပြေလည်ဖို့ဆိုရင် **facilitator** လို့ခေါ်တဲ့ နှစ်ဖက်တွေ့ဆုံဆွေးနွေးရေးဖြစ်မြောက်အောင်၊ ယုံကြည်မှုတည်ဆောက်ရေးဖြစ်မြောက်အောင် ပေါင်းကူးပေးယုံနဲ့မရတော့ဘူး။ တကယ့်ကြားဝင်စေ့စပ်ပေးသူ **negotiator** ပါမှရမယ်ဆိုတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရဲ့ တင်ပြချက်ကိုလည်း ကျနော်တို့သဘောတူပါတယ်။ ဘာလို့လဲဆိုတော့ အကြိမ်ကြိမ် ယုံကြည်မှုတည်ဆောက်ခဲ့ကြပြီးပြီ။ နောက်ပိုင်းမကြာဘူး ဒေါ်စု၊ ဦးတင်ဦးတို့လည်း အဖမ်းခံရတာဘဲ။ ဒါတွေက မဟုတ်တော့ဘူး။"*

*"ရန်ကုန်မှာရှိတဲ့ UN အခနေ ကိုယ်စားလှယ်တွေသုံးမဲ့အစား ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ UNSC က တိုက်ရိုက်လုပ်ပိုင်ခွင့် **mandate** ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေး ပေးထားတဲ့ကိုယ်စားလှယ်တွေနဲ့ အင်တိုက်အားတိုက်၊ ကိုယ်ဖိရင်ဖိ ရန်ကုန်မှာနေပြီး လုပ်သင့်တယ်ဆိုတာလည်း အမှန်ပါဘဲ။ ဒီမှာရှိတဲ့လူတွေမဟုတ်ဘဲနဲ့၊ ဟိုကလာတဲ့သူတွေ အလုံးစုံကိုင်တွယ်ပြီးလုပ်မှဖြစ်မယ်လို့ ကျနော်တို့ယူဆပါတယ်။ အမှန်အတိုင်းပြောရရင် ကျနော်တို့အကြိမ်ကြိမ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်–ကိုဖီအန်နန် **Kofi Annan** ဆီစာရေးခဲ့ပါတယ်။ ရန်ကုန်မှာရှိတဲ့ ဌာနေကိုယ်စားလှယ်တွေက နေတဆင့် ပို့ပေးတာပါ။ ဒါပေမယ့် ဆက်သွယ်ပေးတာ ထိရောက်မှုတခါမှမရှိခဲ့ဘူး။ "*

*"**UNA** ညီညွတ်သော တိုင်းရင်းသားမဟာမိတ်အဖွဲ့ဟာ တိုင်းရင်းသားနိုင်ငံရေး ၁၁ ပါတီ အပြင် တသီးပုဂ္ဂလိက တစ်ဦးလည်းပါဝင်တိုးချဲ့ထားပါတယ်။ ပါဝင်တဲ့အဖွဲ့တွေကတော့ –*

*(၁) သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် **SNLD***
*(၂) ရခိုင် ဒီမိုကရေစီအဖွဲ့ချုပ် **ALD***
*(၃) မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **MNLD***
*(၄) ဇိုမီး အမျိုးသားကွန်ကရက် **ZNC***
*(၅) သျှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ **SKDP***
*(၆) ချင်း ဒီမိုကရေစီအဖွဲ့ချုပ် **CLD***
*(၇) ကရင်ပြည် ကွန်ကရက် **KrSC***
*(၈) ကချင်ပြည် ကွန်ကရင့် **KeSC***
*(၉) ကယားပြည်နယ် လူမျိုးပေါင်းစုံအဖွဲ့ချုပ် **KSNLD***
*(၁၀) ကယန်းပြည် ဒီမိုကရေစီအဖွဲ့ချုပ် **KSLD***
*(၁၁) မရာပြည်သူ့ပါတီ **MPP** တို့ဖြစ်ကြပါတယ်။"*

*RFA ( 2-7-06 )*



INDP 225 SHAN & BUR.pmd 22 8/10/2006, 9:42 AM



# ကျနော်ခင်တွယ်ခဲ့ရသော ပအိုဝ်းဒေသ ...

စိုင်းမင်းလွင်
(ရှမ်းပြည်)

## ပင်လုံညီလာခံနှင့် ပအိုဝ်းဆက်နွယ်ခဲ့ပုံ

ပြည်နယ်ပြည်မ တပေါင်းတည်း ပြိုင်တူ လွတ်လပ်ရေးရယူရေးအတွက် မြန်မာ့အမျိုးသား ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ဇန်နဝါရီလတွင်လန်ဒန်၌ ဗြိတိသျှနန်းရင်းဝန် အက်တလီနှင့်ဆွေးနွေးနေခိုက် ရှမ်းစော်ဘွားများက ဗိုလ်ချုပ်သည်တောင်တန်းသားများ၏ ကိုယ်စားမဟုတ်ကြောင်း အချက်(၈)ချက်ပါ ကြေးနန်းပို့လိုက်သည်။ ရက်ပိုင်းအတွင်းမှာပင် အာရှလူငယ်အစည်းအရုံးက မွေးဖွားပေးလိုက်သော ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ရပလ)က ဦးဆောင်၍ တောင်ကြီးမြို့ဈေးနေ့ကြီးတွင် လူအင်အား (၂၀၀၀) ကျော်စုရုံး၊ ဆန္ဒပြပွဲကြီးကျင်းပကာ ဗိုလ်ချုပ်သည် တောင်တန်းသားများအား ကိုယ်စားပြုကြောင်းနှင့် လက်ရှိရှမ်းပြည် ပဒေသရာဇ်စနစ်ကိုဖျက်သိမ်းပေးရန် လန်ဒန်သို့ကြေးနန်းပို့လိုက်သည်။ ဤကြေးနန်းသည်ပင်လုံညီလာခံဖြစ်ပေါ်လာစေရန် နိဒါန်းပျိုးပေးလိုက်ခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ ဆန္ဒပြပွဲကြီးတွင် အင်းသား၊ ဓနု၊ ပလောင်၊ ရှမ်း စသည့်လူမျိုးပေါင်းစုံတို့ ပါဝင်ခဲ့ကြသည့်အပြင် ပအိုဝ်းအမျိုးသားများလည်း တခဲနက် ပါဝင်ခဲ့ကြသည်။ ဤလှုပ်ရှားမှုကြီးမှာ ရှမ်းပြည်စော်ဘွားများ၏ ပဒေသရာဇ်စနစ်ကို ပထမဆုံးဆန့်ကျင် ထုတ်ဖော်ပြသလိုက်ခြင်းလည်းဖြစ်သည်။

## ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (ပအလဖ) စတင်ခြင်း

တိုင်းပြည် လွတ်လပ်ရေးသာရခဲ့သော်လည်း ရှမ်းပြည်ပဒေသရာဇ်စနစ် ဆက်လက်တည်ရှိနေသည့်အတွက် ပအိုဝ်းလယ်သမားများ၏ပုန်ကန်မှု ပြင်းထန်လာသည်။ ပင်လုံစာချုပ်ပါပြဋ္ဌာန်းချက်များ အကောင်အထည်မပေါ်လာသေးသောကြောင့် ယခင်ဗြိတိသျှတပ်မတော်မှ ပအိုဝ်း၊ ကရင်၊ ကရင်နီ၊ ကယန်း၊ ကယောတို့ဖြင့် ဖွဲ့စည်းထားသည့် ကရင်သေနတ်ကိုင်တပ်ရင်းများ ပုန်ကန်ထကြွခဲ့ကြသည်။ မကြာမီအတောအတွင်းမှာပင် ပအိုဝ်းလယ်သမားအင်အားစုများနှင့် ကရင်သေနတ်ကိုင်တပ်ရင်းတို့ ပူးပေါင်းမိကာ ၁၉၄၉ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်ရှမ်းပြည်ရှိ စော်ဘွားများ၏ ပဒေသရာဇ်စနစ်ဆက်လက်ကျင့်သုံးမှုအား ဆန့်ကျင်သည့်တော်လှန်ရေးကို ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (ပအလဖ) အမည်ဖြင့် စတင်ခဲ့သည်။

တပြိုင်တည်းမှာပင်လွိုင်ကော်၊ တောင်ကြီးရှိ အာဏာပိုင်များအပေါ် တိုက်ခိုက်ခြိမ်းခြောက် သည်အထိဖြစ်လာကာ ရှမ်းပြည်တောင်ပိုင်း လူမျိုးပေါင်းစုံလှုပ်ရှားမှုအသွင်သို့ ရောက်ရှိသွားသည်။

## ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လှုပ်ရှားမှုနှင့်ဒုတိယတော်လှန်ရေး

၁၉၅၈–ခုနှစ်တွင် ဗိုလ်နေဝင်းဦးဆောင်သည့်အိမ်စောင့်အစိုးရက ရှမ်းပြည်အုပ်ချုပ်ရေးကိုပြင်ဆင်ဖွဲ့စည်းခြင်း၊ ပဒေသရာဇ်စော်ဘွားများ အာဏာစွန့်ခိုင်းခြင်းတို့ကြောင့် ပအလဖသည် ဥပဒေဘောင်အတွင်း တရားဝင်ရပ်တည်နေသော ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပအမဖ) နှင့် ပေါင်းစည်းခဲ့ပြီး၊ လက်နက်ကိုင်တော်လှန်ရေး စွန့်လွှတ်ခဲ့သည်။ ၁၉၄၇ အခြေခံဥပဒေပြင်ဆင်ရေး အတွက် (၁၉၆၁–တောင်ကြီး) တောင်တန်းသားများညီလာခံ၌ တိုင်းရင်းသားတန်းတူရေး ပြည်ထောင်စုစစ်စစ် (ဖက်ဒရယ်) ဖွဲ့စည်းရေးတွင် ပအိုဝ်းအမျိုးသားများတက်ကြွစွာ လှုပ်ရှားပါဝင်ခဲ့သည်။

၁၉၆၂ ၊ မတ်လ ၂ ရက် ဗိုလ်နေဝင်းက ဗမာစစ်တပ်ကိုအသုံးချကာ ဖက်ဒရယ်မူတောင်းဆိုမှုကိုနှိပ်ကွပ်ခြင်းဖြင့် တိုင်းပြည်အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီ ဖွဲ့စည်းလိုက်သည်။ ပအမဖ လွှတ်တော် အမတ်များအဖမ်းခံရပြီး ပါတီလည်းဖျက်သိမ်းခံခဲ့ရသည်။ ၁၉၆၃ တွင် တော်လှန်ရေးအစိုးရက ပြည်သူပိုင်သိမ်းခြင်း၊ ၁၉၆၄ မေလ ၁၅ တွင် ငွေစက္ကူများတရားမဝင် ကြေညာခဲ့ခြင်းတို့ကြောင့် အကျိုးဆက်အနေဖြင့် ပအိုဝ်းအမျိုးသားပိုင် ရန်ပုံငွေများနစ်နာ ဆုံးရှုံးကာ ဒုက္ခအမှောင်ထုအောက်ကျ ရောက်ခဲ့ရသည်။ ထို့ကြောင့် ၁၉၆၆ ခုနှစ်တွင် ဗိုလ်စံသိန်းဦးဆောင်၍ ဒုတိယအကြိမ် လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းပေါ် ပြန်လည်ရောက်သွားခဲ့ကြသည်။ လူမျိုးပေါင်းစုံ အမည်ခံကာ ရှမ်းပြည် လူမျိုးပေါင်းစုံပြည်သူ့ လွတ်မြောက်ရေးအဖွဲ့ (ရလလဖ) အမည်ဖြင့် ရပ်တည်ခဲ့သည်။ ရှမ်းပြည် နိုင်ငံရေးလူငယ် အဖွဲ့ဖြစ်သော(ရပလ)အဖွဲ့ဝင်များနှင့် ပညာတတ်လူငယ်အများအပြား ရလလဖ၏ တော်လှန်ရေးတိုက်ပွဲထဲ ဝင်ရောက်ခဲ့ကြသည်။

## သွေးကွဲခြင်းနှင့် ဝဲယာအုပ်စုဂိုဏ်းဂဏ ပြဿနာများ

ရှမ်းပြည်သည် လူမျိုးများစုံလင်ပြီး လက်နက်ကိုင် တော်လှန်ရေးအဖွဲ့လည်း များပြား၏။ ပအလဖ ခေတ်တော်လှန်ရေးသည် ပြည်တွင်းရန်အပြင် နယ်ချဲ့တရုတ်ဖြူတပ်များကိုလည်း ပါဝင်တိုက်ခိုက်မောင်းထုတ်ခဲ့ရသေးသည်။ တိုင်းရင်းသား စည်းလုံးပူးပေါင်းရေး၊ ဝဲယာဂိုဏ်းဂဏများညီညွတ်ရေး၊ တပ်ပေါင်းစုဖြစ်ပေါ်လာရေးကိုမျှော်ကိုး၍ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) နှင့်လည်း မိတ်ဆွေ ဖွဲ့ခဲ့သည်။ အဖွဲ့တွင်း၌လည်း နိုင်ငံရေးအမြင်၊ လူမျိုးရေးအခြေခံ၊ လက်ဝဲလက်ယာဝါဒကွဲပြားမှုများကြောင့် ၁၉၇၄ တွင် အမျိုးသားရေးအသွင်ဖြင့် ရပ်တည်လိုသော အောင်ခမ်းထီက(ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်) **PNO** အမည်ဖြင့် ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ = **SNPLO**)မှ ခွဲထွက်သွားခဲ့သည်။ကျန်ရှိနေသော (ရလလဖ)ကို ဥက္ကဋ္ဌ တာခဲလယ်က ဆက်လက်ဦးဆောင်ခဲ့သည်။ နှစ်ဖက်စလုံး ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့သောကြောင့် အားလုံးအထိနာခဲ့သည်။ စစ်အာဏာရှင်ဖက်လှည့်ထားသော သေနတ်ပြောင်းဝများ အချင်းချင်းဖက် ပြန်လှည့်ကုန်သောကြောင့် အိမ်ကြက်ချင်း အိုးမည်းသုတ်ချင်သော စစ်အာဏာရှင်တို့ အကြိုက်ဖြစ်ခဲ့သည်။ ပြဿနာကို နိုင်ငံရေးနည်းဖြင့်မဖြေရှင်းပဲ လက်နက်ဖြင့်စစ်မြေပြင်တွင် ဖြေရှင်းခဲ့သောကြောင့် ဟိုဘက်ကရဲဘော်များတိုက်ပွဲမှာ ကျဆုံးသွားကြောင်းကို ဒီဘက်မှသိသောအခါ ငိုကြွေးကြသည်။ ဒီဘက်မှရဲဘော်တို့ ကျဆုံးသောအခါတွင်လည်း ဟိုဘက်ကငိုကြွေးကြသည်။ မဆလ အစိုးရကလည်း 'ယာလည်း ညက်စေ၊ ကြက်လည်းမောစေ' ဆိုသည့်အတိုင်း စောင့်ကြည့်ကာ အမြတ်ထုတ်ခဲ့ပေါင်းလည်းများခဲ့သည်။ နှစ်ဘက်စလုံး ပြန်ညီညွတ်မည်ကိုလည်းစိုးရိမ်သောကြောင့် သပ်လျှိုထားသေးသည်။ အချင်းချင်းဖြစ်ပွားသော လက်နက်ကိုင်တိုက်ပွဲသည် နှစ်ပေါင်း (၂၅) နှစ်မြောက်အကြာ ၁၉၉၉ တွင်ရပ်နားခဲ့သည်။ ၂၀၀၂ ဒီဇင်ဘာ ၉ ရက် သွားလေသူ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ခင်ညွန့်၏ စေ့စပ်ဆွေးနွေးပေးမှုကြောင့် နားလည်မှုရရှိခဲ့သည်။

## ငြိမ်းချမ်းရေးယူခြင်း၏ အကျိုးဆက်များ

အောင်ခမ်းထီဦးစီးသော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် **PNO** သည် ၁၉၉၁ ဖေဖော်ဝါရီ ၁၈ ရက်နေ့တွင် နဝတထံ လက်နက်အပ်နှံခဲ့၏။ အပစ်အခတ်ရပ်စဲခြင်းမဟုတ်ချေ။ အကြောင်းမှာ စစ်ရေးကိစ္စတွင် နအဖစစ်တပ်၏ ဦးဆောင်ညွှန်ကြားမှုအမိန့်အောက်တွင် နာခံရသောကြောင့်ဖြစ်သည်။ ယင်းအမိန့်ကို ဆန့်ကျင်ခဲ့သော **PNO** စစ်ဦးစီးချုပ်လည်းဖြစ်၊ ဒု–ဥက္ကဋ္ဌလည်းဖြစ်သူ ဗိုလ်မှူးကြီးထွန်းရီသည် အချင်းချင်း လုပ်ကြံသတ်ဖြတ်မှုခံခဲ့ရသည်။



Photo: NLM

တာခဲလယ် ဦးစီးသော ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ **SNPLO** သည် ၁၉၉၄ အောက်တိုဘာ ၉ တွင် နောင်ထောဝ် လူထုညီလာခံမှ လူထုသဘောဆန္ဒအရ (နဝတ) နှင့်မည်သည့်စာချုပ်စာတမ်းမျှရေးထိုးမှုမရှိဘဲ လူကြီးလူကောင်းသဘောတူညီချက်ဖြင့် အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးယူခဲ့သည်။ အပစ်အခတ်ရပ်စဲရုံဖြင့် တကယ့်ငြိမ်းချမ်းရေးမရသေးကြောင်းကိုလည်း သဘောပေါက်ကြသည်။ ထိုစဉ်က (နဝတ) သည် မိမိနယ်မြေမိမိအုပ်ချုပ်ခွင့်၊ မိမိတပ်မိမိဘာသာဦးစီးခွင့် စသည်တို့ကိုခွင့်ပြုခဲ့သောကြောင့်လည်းကောင်း၊ တွေ့ဆုံဆွေးနွေးရေးသို့တက်လမ်းပြီး အောင်မြင်မှသာ စစ်မှန်သောငြိမ်းချမ်းရေး ရရှိမည်ဟု ယုံကြည်ထားခြင်းကြောင့်လည်းကောင်း၊ ရာစုဝက်နီးပါး ရှည်ကြာသည့် ပြည်တွင်းစစ်ဒဏ်ကြောင့် ဆင်းရဲတွင်းနက်နေသည့် လူထုဘဝ၏ဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ကိုင်နိုင်မည်ဟု မျှော်ကိုး၍ လည်းကောင်း၊ အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေး ယူခဲ့ရခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲခြင်းကို အချို့က အပြစ်မြင်ကြသော်လည်း တကယ်မှာမူ (ရလလဖ) အနေဖြင့်နိုင်ငံရေး ရည်မှန်းချက်များ စွန့်ပယ်ခြင်းမဟုတ်ဘဲ တရားဥပဒေဘောင်အတွင်းမှ ထိုရည်မှန်းချက်များအတွက် နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးရယူလိုသောကြောင့်သာ အပစ်အခတ်ရပ်စဲလိုက်ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးယူရာတွင်လည်း ရဟန်းရှင်လူပြည်သူလူထု၏ သဘောထားကိုခံယူခဲ့ကြသည်။ လက်တွေ့ခံစားရသည်မှာ ဒေသတွင်း လူထုအဘို့ သေနတ်သံအောက်မှဘေးကင်းစွာ တောင်ယာလုပ်ကိုင်နိုင်ခဲ့ကြသည်။ နဝတ စစ်တပ်၏ ပေါ်တာဆွဲခြင်းမှလွတ်ကင်းခဲ့သည်။ သို့သော်ထမင်းထုပ်ကိုတော့ မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းလာလာ ယနေ့တိုင် ပေးနေရဆဲပင်။

## မထူးခြားသော ငြိမ်းချမ်းရေးသက်တမ်း ၁၀ နှစ် ကျော်

ငြိမ်းချမ်းရေးလုပ်ခဲ့သော ပအိုဝ်းဒေသကား ၁၀ နှစ်ကျော်ခဲ့ပြီ၊ စစ်မြေပြင်၏ယမ်းငွေ့



INDP 225 SHAN & BUR.pmd 24 8/10/2006, 9:42 AM

များမြင်နေရဆဲပင်။ သစ်တောများလည်း ပြောင်သလင်းခါသွားခဲ့လေပြီ။ နိုင်ငံတော်မှ ပညာရေးလုပ်ငန်းကို နယ်စပ်ဒေသအတွက် စေတနာထားလုပ်ပေးပါသည်ဟု ပြောဆိုသော်လည်း စာသင်ကျောင်းဖွင့်လှစ်ခွင့်သာ ပေးပါသည်။ လူထုကိုယ်တိုင် ကျောင်းဆောက်လုပ်ရပါသည်။ နိုင်ငံတော်ပညာရေးဌာနက ဆရာ၊ ဆရာမပေးပါသည်။ သို့သော်လူထုက စားစရိတ်တာဝန် ယူပေးရပါသည်။ ဒေသကလေးများ စာသင်ရပါသည်။ သို့သော် မူလတန်းပြီးသောအခါ အလယ်တန်းကျောင်းမရှိ၍ ထုံးစံအတိုင်း ဘဝတက္ကသိုလ်ဖြစ်သော လယ်ယာလုပ်ငန်းသို့ရောက်သွားကြပါသည်။ ဒေသဖွံ့ဖြိုးရေးဟု ကြွေးကြော်နေသေးသော ငြိမ်းအဖွဲ့များအား ယနေ့တိုင် ဆန်ရိက္ခာပေးနေရသေးသည်။ ပဒေသရာဇ် စနစ်အောက်မှ လွတ်မြောက်ရန် တော်လှန်ခဲ့သောအဖွဲ့သည် ပဒေသရာဇ်ကိုလည်းတော်လှန်ခဲ့ပြီးပြီ၊မဆလကိုလည်း တိုက်ခိုက်ခဲ့ပြီးပါပြီ၊ ဥပဒေဘောင်အတွင်းမှနအဖနှင့်စကားပြောကာ ငြိမ်းချမ်းရေးလည်း ယူခဲ့ပြီးပါပြီ။ လူထုဘဝကား ထူးမခြားနားဘဝက မလွတ်မြောက်နိုင်သေးပေ။

## ညောင်နှစ်ပင် နှင့် ပအိုဝ်းအမျိုးသားရေးလှုပ်ရှားမှု

### ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNO

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးအောင်ခမ်းထီက နအဖ အမျိုးသားညီလာခံကို ၁၉၉၃ တွင်လေ့လာသူအနေဖြင့် တက်ရောက်ခွင့်ရ၏။ လက်ရှိကျင်းပသော ညောင်နှစ်ပင် ညီလာခံတွင် တရားဝင်ကိုယ်စားလှယ်အဖြစ်သဘာပတိအဆင့်ထိပင် ပါဝင်နေရပြီဖြစ်သည်။ PNO မှပအိုဝ်းမြို့နယ်ခွဲတောင်းဆိုခဲ့သောကြောင့်ပင်လောင်းမြို့အနီးနောင်တယားရွာနှင့် ဦးအောင်ခမ်းထီနေထိုင်သော ကျောက်တလုံး ကျေးရွာတို့မှာ မြို့နယ်ခွဲဖြစ်လာသည်။ ထို့ပြင် ၁၉၉၀ ရွေးခြယ်ခံထားရသော (ပအမဖ) ပအိုဝ်းအမျိုးသားပါတီ အနိုင်ရနယ်မြေများဖြစ်သည့် ပင်လောင်း၊ ဆီဆိုင်၊ ဟိုပုံး (၃) မြို့နယ် နှင့်ပေါင်းပြီး ပအိုဝ်းဒေသ ၅ မြို့နယ်အား ပအိုဝ်းပြည်နယ်ဖြစ်လာစေရန် ကြိုးစားနေ သည်။ နိုင်ငံတော်၏ခိုင်မာသော စီးပွားရေး အမည်ခံအဆောက်အဦးများလည်းရှိနေ သည်။ ပိုဆိုးသည်မှာဒေသတွင်း၌ ကြံ့ဖွံ့ဆိုင်းဘုတ်ထူ လက်ခံခဲ့သည့်အပြင် ရှမ်း/ တောင် ကြံ့ဖွံ့နာယက ၃ ဦး အနက် ဦးအောင်ခမ်းထီလည်း တဦးအပါအဝင်ဖြစ်သည်။

### ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (SNPLO)

တော်လှန်ရေးအစဉ်အလာကြီးသည့် လူမျိုးပေါင်းစုံအဖွဲ့ဖြစ်သောကြောင့် နအဖအဖို့ အထူးသတိထားခဲ့ရ၏။ ၁၉၉၈ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP ပေါ်ထွက်လာသည်နှင့် ရက်ပိုင်းအတွင်းမှာပင် ထောက်ခံခဲ့ပြီး သုံးပွင့်ဆိုင်ဆွေးနွေးရေး လုပ်ဆောင်ရန် ဗိုလ်သန်းရွှေထံ SNPLO မှ အိတ်ဖွင့်ပေးစာပေးပို့ခဲ့သည်။ မိမိတို့၏ တပ်မျက်နှာဖုံးတပ်ထားသော မဆလ ပါတီလူဟောင်းများ ဗဟိုကော်မတီနေရာအထိ ရယူခဲ့ကြသည်။ ၂၀၀၄ ညောင်နှစ်ပင် ညီလာခံသို့ ခေါင်းဆောင်တဦးဖြစ်သူ ဦးခွန်စိန်ရွှေက ဗမာပြည်နယ်ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ရှစ်ပြည်နယ်မူကိုတင်သွင်းခဲ့ရာ ယခုညောင်နှစ်ပင်ညီလာခံတွင် ကိုယ်စားလှယ်အားလုံး တက်ရောက်ခွင့်မပေးတော့ချေ။ ထူးခြားချက်မှာ ဒေသအတွင်း ကြံ့ဖွံ့ဆိုင်းဘုတ်ထောင်မှု မလုပ်သေးခြင်းဖြစ်သည်။

### ပြည်ထောင်စုပအိုဝ်းအမျိုးသားများအဖွဲ့ချုပ် (ပအမဖ)

ရှမ်းပြည်နိုင်ငံရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး အစဉ်အလာကြီးမားသော အဖွဲ့ဖြစ်သည်။ ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော ခေါင်းဆောင်တဦးဖြစ်သူ ဦးဖြူသည်အထင်အရှားဖြစ်၏။ ၁၉၆၁



အင်အားမပြင်ဆင်ခဲ့သောကြောင့် နအဖ တိုင်းမှူး ဗိုလ်ချုပ်မောင်ဘိုက စစ်တပ်အင်အားဖြင့် ဖိအားပေးခဲ့သည်။ နောက်ပိုင်း ထောက်လှမ်းရေး၏ သပ်လျှိုဖြိုခွဲရေးပေါ်လစီကြောင့် စီးပွားရေးနှင့်ပတ်သက်သော ပြဿနာများပေါ်ပေါက်လာကာ အဖွဲ့အတွင်းမတည်ငြိမ်မှုများ ဖြစ်ပေါ်လာသည်။ ၂၀၀၃ အောက်တိုဘာတွင် အဖွဲ့တွင်း ရာထူးအပြောင်းအလဲများဖြစ်ပေါ်ကာ လူဟောင်းများ အဖြုတ်ခံခဲ့ရသည်။ နောက်ဆက်တွဲအနေဖြင့် (ပအမဖ) တောင်ကြီးညီလာခံမှ ပအိုဝ်းခေါင်းဆောင်များတွင်လည်း ဦးဖြူ နှင့် ဦးလှဖေ၊ ဦးကျော်စိန် (သက်ရှိထင်ရှား)တို့တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ကြသည်။ ယနေ့ ပအမဖ သည် မဲဆန္ဒနယ် ၃ ခုရထားသော ပါတီဖြစ်သည်။ နောက်ပိုင်းတွင် မဆလ အသွင်ပြောင်း တစည တို့မှ ကိုယ်ကျိုးသမားများဖြစ်သော နိုင်ငံရေးစားဖားများဝင်ရောက် နေရာယူလာခြင်းကြောင့် အဖွဲ့၏ဂုဏ်ရှိန်ဂုဏ်ဝါများ မှေးမှိန်ခဲ့ရသည်။ နအဖ ညီလာခံတွင် ရှေ့ဆုံးမှထောက်

ခံတင်ပြသော (လက်ညိုးထောင် ခေါင်းညိတ်) ပါတီအဖြစ် ရောက်ရှိခဲ့ရသည်။

### ပအိုဝ်းပြည်နယ်ဆိုသည်မှာ...

ရှမ်းပြည်တောင်ပိုင်းတွင်နေထိုင်သော ပအိုဝ်းလူဦးရေသည် (၁၁) သိန်းခန့်ရှိနေပြီဖြစ်သည်၊ ပြည်နယ်တခု၏ လက္ခဏာအရပြောရလျှင် သင့်တင့်သော လူဦးရေ၊ သမိုင်း ယဉ်ကျေးမှု၊ နယ်မြေအကျယ်အဝန်း၊ ဘာသာစကားနှင့်စီးပွားရေးတို့မှာ ပြည့်စုံပြီ။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ဖြစ်သင့်ချိန်ရောက်နေပါပြီ။ဒါကို နအဖက သိပါသည်။ထို့ကြောင့် ပအိုဝ်းပြည်နယ်ပေးခြင်းဖြင့် ရှမ်းနှင့်ရန်တိုက်ပေးနေမှုကို သတိထားသင့်ပေသည်။ အတင်းအဓမ္မမြို့နယ်ခွဲတွေ ချပေးခြင်းအားဖြင့် နအဖဒေါက်တိုင်ဖြစ်လာစေရန် အကောင်အထည်ဖော်ထားသည်။ ရဲစခန်းနှင့်စစ်တပ်ထိုင် စခန်းလေးများ အခြေချလာခြင်းသည် သေနတ်တချက်မှမဖောက်ရဘဲ ပအိုဝ်းဒေသကို သိမ်းပိုက်နေခြင်းဖြစ်သည်။ နအဖသည် တရားမဝင်အစိုးရသာဖြစ်သဖြင့် ပြည်နယ်ပေးရေး၌ လုပ်ပိုင်ခွင့်မရှိချေ။ နအဖ၏မရိုးသားသောမက်လုံးကို ယုံကြည်မိပါက မလိုလားအပ်သော လူမျိုးရေးပြဿနာများ ဖြစ်လာနိုင်ကြောင်းသတိထားသင့်လှပေသည်။

**စိုင်းမင်းလွင် (ရှမ်းပြည်) ၂၀၀၆–မေ–၂၁**

---

## မိဖုရားကြိုင်ကြီး နှင့်စစ်ဘုရင်များ




❖ တိုင်းမှူးကြီးများငွေစုထား
လေးလပတ်တစ်ကြိမ်သွား၊
သိန်းငါးရာကိုယ်စီပိုက်
မယ်မယ်ကြိုင်အလိုလိုက်။

❖ ကျပ်သိန်းငါးရာမပါရင်
တိုင်းရာဇာဘဝစွန့်ရန်ပြင်၊
ချက်ချင်းပင်ရာထူးရွှေ့
တိုင်းမှူးကြီးများရဲ့ကိုယ်တွေ့။

❖ တနှစ်–သိန်းတစ်သောင်းငါးထောင်
အိတ်ကြုံးထည့်ရွှေပြောင်ပြောင်
ဟောင်ဖွာဖွာပြောစကားက
နိုင်ငံတော်အတွက်ပါ့။

❖ တကယ့်အလုပ်နဲ့အပြော
ဖီလာဆန့်ကျင်တဲ့သဘော
အနှစ်မရှိတောတခွင်
ကြက်ဆူပင်မင်းမှုခိုက်
ကြိုင်ကြိုင့်လင်အုပ်စုပျော်ပိုက်။

**စိုင်းမောက် ( သျှမ်းပြည် )**
**၂၁–၅–၂၀၀၆**

## မင်းညီမင်းသားတွေအများကြီး




❑ ဗိုလ်သန်းရွှေခေတ်လွန်ရင် ဗမာပြည်အခြေအနေမှုချ ပြောင်းလဲမှာဘဲဗျ။
❑ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကလည်း ဦးနေဝင်းသေရင် ပြောင်းလဲမယ်လို့ ပြောတဲ့သူတွေအများကြီး။ ဗိုလ်စောမောင်လည်းပြုတ်ပြီ။ သေပြီ။ ဗိုလ်ခင်ညွှန့်လဲသွားပြီ။ ခုထိဒုံရင်းဒုံရင်းဘဲ။ လက်ရှိဘဝ ရှင်မင်းတြားကြီး နတ်ရွာစံလည်း သူ့ကိုဆက်ခံမယ့် မင်းညီမင်းသား တွေတန်းစီနေကြတယ် မှတ်လား?။
❑ ဟိုက် ! ရှားလဗတ့်စ်။



INDP 225 SHAN & BUR.pmd 26 8/10/2006, 9:42 AM

# မိုင်းရှူးရတနာမြေမှ အရိုင်းဘီလူးသတ္တဝါတွေ



Photo: NLM

သျှမ်းပြည်အလယ်ပိုင်းနှင့်တောင်ပိုင်းနယ်ခြားအစပ် မိုင်းရှူးမြို့နှင့်သံလွင်မြစ်အကြားရှိ ပတ္တမြားရတနာမြေသည် လွန်ခဲ့သော ၁၅ နှစ်ကျော်မှစ၍ နဝတ၊ နအဖ စစ်အုပ်စုအဖို့ ဘော်ချက်ဝက်ဖန်ရာစားကျက်ကြီးတစ်ခုဖြစ်လာခဲ့၏။ လက်ရှိ နအဖ ဒုတိယထိပ်သီး ဗိုလ်မောင်အေး၏မွေးစားသား ဘဏ္ဍာစိုး အောင်ကိုဝင်း ခေါ် ကမ္ဘောဇဘဏ် မာလိန်မှူး ဆရာကျောင်းဆိုလျှင် ဗိုလ်မောင်အေး၏ဩဇာအရှိန်အဝါဖြင့် ၎င်းတို့၏စီးပွားရေးအင်ပါယာကို ဤမိုင်းရှူးကျောက်မျက်တွင်း၌ပင် အစပျိုးခဲ့သည်။

မိုးကုတ်ရတနာမြေပြီးလျှင် စစ်အုပ်စုကြီးစိုးသည့်ခေတ်ကာလတွင်မှ တွေ့ရှိဖော်ထုတ်ခဲ့သော ဒုတိယအကြီးဆုံး ဤပတ္တမြားတွင်းကြီးသည် အပစ်ရပ်အဖွဲ့များအား၊ စီးပွားရေး မေ့ဆေးတိုက်ကျွေးရာ မက်လုံးတစ်ခုဖြစ်ခဲ့၏။ ကိုးကန့်နှင့် ဝ အဖွဲ့ကဲ့သို့သော အချို့အပစ်ရပ်အဖွဲ့များအဖို့၊ ကျောက်မျက်လုပ်ငန်းဘန်းပြ၍ မူးယစ်ဆေးဝါးများ စိတ်ရှိလက်ရှိလုပ်ကိုင်နိုင်ရန် နည်းလမ်းတရပ်၊ (သို့) ငွေမဲမှငွေဖြူအဖြစ် လျှော်ဖွတ်ပြောင်းလဲရာ အကွက်တစ်ခုလည်းဖြစ်လာစေခဲ့သည်။ ယနေ့တိုင် ကျောက်မျက်လုပ်ကွက်အများဆုံးကို လက်ဝါးကြီးအုပ်၊ မောင်ပိုင်စီးထားသောအဖွဲ့များမှာ နအဖ စစ်တပ်၏ ဦးပိုင်လီမိတက်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးရော တောင်ကြီး ရမခ စစ်တိုင်းရုံးတို့ပါ အစုရှယ်ယာဝင်ထားသည့် အောင်ကိုဝင်းဦးစီးသော ရှမ်းရိုးမကုမ္ပဏီတို့ဖြစ်ကြ၏။ အရည်အသွေးကောင်းပေ့ဆိုသည့် လွယ်ဆောင်ထောက် (အဖိုး၊အဖွားတောင်)၊ လွယ်ဆွပ်ဆေ (ကျားပါးစပ်တောင်)တို့လို လုပ်ကွက်များကို ၎င်းတို့ချုပ်ကိုင်ထားပြီး၊ ကျန်အရိုးအရင်း လုပ်ကွက်များကိုမူ အချို့အပစ်ရပ်အဖွဲ့များနှင့်ပုဂ္ဂလိကကုမ္ပဏီများအား လုပ်ခွင့်ပေးလာခဲ့သည်။ UWSA ဝတပ်ဖွဲ့၊ MNDAA ကိုးကန့်အဖွဲ့၊ KDA မထူးနော် (ကောင်းခါး) အဖွဲ့၊ SSA-N ဆိုင်ကျောက်ဌာနချုပ်၏ တပ်မဟာ ၁ အဖွဲ့၊ PSLO လက်နက်ချ ပလောင်အဖွဲ့၊ အသွင်ပြောင်းရဲ–အထူး တိုက်ခိုက်ရဲအမည်ခံ ရထိုက်ကိုးကန့်အဖွဲ့၊ တန့်ယန်းမြို့နယ် မန့်ပန်ဌာနေပြည်သူ့စစ်တပ်ဖွဲ့ (ခွန်ဆာတပည့်) ဗိုလ်မွန်း၏ ရှမ်းရိုးမအေးချမ်းရေးကုမ္ပဏီနှင့် PNO အောင်ခမ်းထီအဖွဲ့၏ ဦးနေဝင်းထွန်းချုပ်ကိုင်သော ပတ္တမြားနဂါးကုမ္ပဏီ တို့အပြင် အခြားတရုတ်လောပန်းသူဌေးများပိုင် ပုဂ္ဂလိကကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီများ ဖြစ်ကြသည်။

မိုင်းရှူးရတနာမြေသည် ကျောက်မျက်တူးဖော်ရောင်းဝယ်ရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နေနိုင်သလောက်၊ မူးယစ်ဆေးဝါးလုပ်ငန်းမှရရှိသည့် ငွေမဲများငွေဖြူပြုလုပ်ရန် လွယ်ကူမြန်ဆန်စိတ်ချရသောဒေသဖြစ်၏။ မည်မျှပင် အရည်အသွေးညံ့ဖျင်း၍ မည်မျှပင် ကျောက်မျက်အထွက်နှုန်း နည်းပါးစေကာမူ (အင်အားတောင့်၊ ဝင်ငွေဖြောင့်သော) အချို့အပစ်ရပ်အဖွဲ့များအဖို့၊ ကျောက်မျက်လုပ်ကွက်ပါမစ်ရရှိရန်သာ အရေးကြီး၏။ မိမိလုပ်ကွက်မှ ကျောက်မျက်ထွက်ရှိမှုမရှိလည်း ပူပင်ကြောင့်ကျရန်မလို၊ အခြားလုပ်ကွက်မှထွက်သော ကျောက်ကောင်းများကို ငွေမဲဖြင့်တဖက်လှည့်မှောင်ခိုဝယ်ပြီး၊ မိမိလုပ်ကွက်ထွက် ကျောက်မျက်အဖြစ် (အရင်းဘဲပြန်ရရ၊ နည်းနည်းရှုံးချင်ရှုံး) ပြန်ရောင်းလိုက်သည်နှင့် တရားဝင်ငွေဖြူဖြစ်သွားတော့သည်။

မူးယစ်ဆေးဝါးမှ မှောင်ခိုငွေမဲများဖြစ်ပေါ်လာသည်နှင့်အညီ မူးယစ်ဆေးဝါးထုတ်လုပ် ရောင်းဝယ်သယ်ဆောင်မှုမှာလည်း ကျောက်မျက်လုပ်ငန်းနှင့်အပြိုင် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ပုံမှန်လည်ပတ်မြဲလည်ပတ်နေတော့သည်။ တခါတရံဒေသခံ နအဖအာဏာပိုင်များ မည်ကာမတ္တ၊ ပိတ်ပင်တားမြစ်၊ နှိမ်နင်းဖမ်းဆီးပြလေ့ရှိသော်လည်း မိုင်းရှူးတောင်ပေါ်ကျောက်တွင်း မူးယစ်ဆေးဝါးမှီဝဲသုံးစွဲမှုနှင့် ရောင်းဝယ်ဖောက်ကားမှုမှာ ခဏတဖြုတ်ပိန်လိုက်၊ ဖောင်းလိုက်ဖြင့် တွင်ကျယ်မြဲဖြစ်သည်။ လက်ရှိအနေအထားအရ ရတနာမြေဂွင်အတွင်း ထောင်သောင်းချီလူဦးရေအကြား မူးယစ်ဆေးဝါးမှီဝဲသုံးစွဲမှုနှင့်လက်လီရောင်းဝယ်မှုမှာ ရာဘစိတ်ကြွဆေး ၆၀%၊ ဟီးရိုးအင်းဘိန်းဖြူ ၂၅% နှင့် ခါ့ရူးဘိန်းအဆီ ၁၅% တို့ဖြစ်ကြသည်။

မိုင်းရှူးမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ တန့်ယန်းမြို့နယ်ဒေသတွင်း လျှို့ဝှက်စက်ရုံများမှထုတ်လုပ်မှုက ၃၅% ရတနာမြေ နှင့်မျက်နှာချင်းဆိုင် သံလွင်အရှေ့ဘက်ကမ်းမှထုတ်လုပ် သယ်ဆောင်တင်သွင်းမှုက ၆၅% ရှိသည်ဟုဆို၏။ သံလွင်အရှေ့ဘက်ကမ်းမှ ထုတ်လုပ်တင်ပို့သည့် ရာဘဆေးပြားများမှာ မြောက်ဘက်ခြမ်းတွင် ဝ တပ်ဖွဲ့၏အကူအညီကိုရရှိသည့် တရုတ် မာဖီးယားများပိုင်စက်ရုံများနှင့်၊ တောင်ဘက်ခြမ်းတွင် နအဖ စစ်တပ် ထိန်းချုပ်နယ်မြေအတွင်းရှိ တရုတ်လောပန်း စက်ရုံများမှဖြစ်သည်ဟုဆိုသည်။ မိုင်းရှူးရတနာမြေတွင် အသုံးများသော စိတ်ကြွဆေးမှာ လိမ္မော်ရင့်ရောင် ဒဗယူပိုင် WY ဖြစ်၏။ လက်လီဈေးနှုန်းမှာ ကျပ် ၁၂၀၀ မှ ၁၅၀၀အထိ (အတက်အကျရှိ) ဖြစ်၏။ အခြားကုန်ဈေးနှုန်းများနည်းတူ ဈေးနှုန်းမြှင့်လိုလျှင် လက်ကြီးသမားအေးဂျင့်များက ခေတ္တခဏ (ရာဘ) ပစ္စည်း ထိန်းချုပ်ပစ်ခြင်း၊ ဒေသခံအာဏာပိုင်များအား ဟန်ပြရှာဖွေဖမ်းဆီးစေရန် လက်တို့ခြင်းလုပ်



INDP 225 SHAN & BUR.pmd 27 8/10/2006, 9:42 AM

လိုက်ရန်သာလိုကြောင်း သိရှိရသည်။ မည်မျှပင် ပိတ်ပင်တားဆီးနှိမ်နင်းရေး လုပ်ပြစေကာမူ မှီဝဲသုံးသုံးစွဲသူများအဖို့ မငတ်မပြတ် ဝယ်ယူနိုင်ကြ၏။ လွန်ခဲ့သည့် ၂ဝဝ၆ ဇွန်လလယ်ပိုင်းအထိ၊ မိုင်းရှူး မြို့နယ်နှင့်ကွန်ဟိန်း မြို့နယ်ဒေသတွင်းဈေးနှုန်းမှာ ဘိန်းစိမ်း ၁ ပိဿာ ၇ သိန်းကျော်၊ ဟီးရိုးအင်း ဘိန်းဖြူ ၁ ကီလိုလျှင် ကျပ် ၇ သန်း အထက်ရှိ၏။

တောင်ပေါ်ရတနာမြေ၌ ဘိန်းဖြူထက်၊ ရာဘသုံးစွဲမှုပိုများသလောက် မိုင်းရှူးမြို့လူငယ်အတိုင်းအဝိုင်းတွင်မူ ရေထည့်ဝါးဗူးဖြင့် ရှူသည့် ဘိန်းအဆီခါ့ခူးသုံးစွဲသူက ရာဘထက်ပိုများ၏။ အဝေး၊ အနီးပြေးကားသမားများ၊အများဆုံးသုံးစွဲပြီး၊ အချို့ ကြံဖွတ်၊ မီးသတ်၊ စစ်မှုထမ်းဟောင်း၊ ကြက်ခြေနီ အသင်းဝင်များသာမက အချို့စစ်တပ်အရာရှိများပင်လျှင် သုံးစွဲကြသည်။ ထိုအသင်းဝင် **VIP** ပုဂ္ဂိုလ်များနှင့် အချို့စစ်တပ်အရာရှိများ ညနေပိုင်းဂေါက်သီးရိုက်စဉ်၊ အနားယူချိန် ယစ်ရွှေရည်ဝိုင်းထောင်သောအခါ ခါ့ခူးကိုပါရှူရှိုက်ကြသည်ဟုဆိုသည်။ ၇-၈ခါစာ ခါ့ခူးတစ်ထုပ်၏ဈေးနှုန်းမှာ ကျပ် ၁၅ဝဝဝမှ ၂ဝဝဝဝ ကျသင့်၏။ ရာဘရှူသူများသည် ခါ့ခူးရှူသူများထက်အောက်တန်းကျသည်၊ ကလေကချေဖြစ်သည်ဟု ပြောစမှတ်ပြုကြသည်။ မိုင်းရှူးရတနာမြေမှ အရိုင်းဘီလူးသတ္တဝါ အာဏာပိုင်များကြောင့် ကျောက်မျက်ရတနာလုပ်ငန်းနှင့် မူးယစ်ဆေးဝါးလုပ်ငန်းကား ရိုက်စား၊ ခြောက်စားခြစားမှု၊ လာဘ်ပေး လာဘ်ယူထုပြောမှုနှင့်အတူ သပွတ်အူပမာ ရစ်ခြာလုံးထွေးနေတော့သည်။

## မူးယစ်ဆေးဝါးမှ မှောင်ခိုငွေမဲများဖြစ်ပေါ်လာသည်နှင့်အညီ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်သယ်ဆောင်မှုမှာလည်း ကျောက်မျက်လုပ်ငန်းနှင့်အပြိုင် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ပုံမှန်လည်ပတ်မြဲ လည်ပတ်နေတော့သည်။

မူးယစ်ဆေးဝါးနှင့်တိုက်ရိုက်စပ်လျဉ်းမှုမရှိသော ကျောက်မျက်လုပ်ငန်းလည်း ထိုနည်းနှင်နှင်ပင်။ အပစ်ရပ်အဖွဲ့ပိုင်၊ ဖက်စပ်ကုမ္ပဏီပိုင်၊ စမ်းသပ်ကွက်၊ ဖော်ထုတ်ကွက်အပါအဝင် လုပ်ကွက်တိုင်းအတွက် ၂ နှစ်တစ်ခါ ခွင့်ပြုချက်ပါမစ် သက်တမ်းတိုးကြရ၏။ ရန်ကုန် သတ္တုတွင်းဝန်ကြီးရုံးသို့ လျှောက်လွှာများတင်သွင်းရန် တောင်ပေါ်ရတနာမြေတွင်ထားရှိသော ကျောက်မျက်ရတနာတူးဖော်ရေး/ရောင်းဝယ်ရေးရုံး ၂ ရုံးမှတဆင့်၊ ချဉ်းကပ်ကြရသည်။ မိမိတို့၏လျှောက်လွှာများအားထောက်ခံချက်ပေးရန် ဗိုလ်မှူး/ဒု-ဗိုလ်မှူးကြီး အဆင့်ရှိ၊ ညွှန်မှူး/ဒု - ညွှန်မှူးတို့အား တိုးလျှိုးခယအပူကပ်ကြရသည်။ မိမိတို့၏ပါမစ်အတွက် အထက်မှအထူးဦးစားပေးရေးအတွက် တွန်းအားပံ့ပိုးရန်အလုအယက်လာဘ်ထိုးကြ၏။ ဝန်ကြီးအဆင့်ထိသာမက ဒေသတွင်းအမြင့်ဆုံးအာဏာပိုင် တိုင်းမှူးကိုပါ ကူညီပူဇော်ပသရန် လက်ဆောင်ပဏ္ဏာများပုံအောအပ်နှံလေ့ရှိကြသည်။ ဤနည်းဖြင့် ညွှန်မှူး/ဒု-ညွှန်မှူးများ ကျိကျိတက်ဝက် ထောလာကြသည်။

လွန်ခဲ့သည့် ၃-၄ နှစ်မှစ၍ ကျောက်မျက်ရှာဖွေတူးဖော်ရေးပုံသဏ္ဍာန်မှာ တမျိုးတဖုံပြောင်းလဲခဲ့၏။ လျှိုမြောင်၊ ချိုင့်ဝှမ်း၊ တောင်ခါးပန်းရှိ လုပ်ကွက်များတွင် မိုးတွင်းကာလ ၂ နှစ်ဆက်တိုက်မြေပြိုပြီးလူရာနှင့်ချီ၍သေကြေခြင်း၊ မြေအောက်ကျင်းများမှတူးထုတ်သောကျောက်ပြုန်းများအတွင်း ယခင်ကကဲ့သို့မဟုတ်တော့ဘဲ အရည်အသွေးရှိကျောက်ရိုင်းများ ရှားပါးလာခြင်း၊ ကျောက်မျက်တူးဖော်မှု ပိုမိုခက်ခဲကြမ်းတမ်းပင်ပန်းပြီး၊ ကုန်ကျစရိတ် အဆမတန်ကြီးမြင့်ခြင်းစသည့်ပြဿနာများရင်ဆိုင်ရသဖြင့် တူးဖော်သူများနည်းပါးလာကြ၏။ သို့ဖြင့်နောက်ပိုင်း၌ လွယ်ဆွပ်ဆေ ခေါ်ကျားပါးစပ် တောင်ထိပ်တဝိုက်ရှိ ကျောက်ဆောင် ကျောက်ကမ္ဘားများအား လွန်ပူဖြင့်အပေါက်ခပ်နက်နက်ဖောက်၍ ဒိုင်းနမိုက်ဖြင့်ဖောက်ခွဲပြီး၊ အစအနများကိုအိတ်ထဲထည့် သယ်ယူထုခွဲရှာဖွေသည့်နည်းအသုံးများလာသည်ကိုတွေ့ရသည်။ မြေတွင်းကျောက်ပြုန်းထက်လည်း အရည်အသွေးပိုကောင်းသည့်ကျောက်များ ထွက်ရှိသည်ဟုဆိုသည်။




လျှိုမြောင်၊ ချိုင့်ဝှမ်း၊ တောင်ခါးပန်းများမှ ပတ္တမြားရိုင်းထွက်ရှိမှုမှာ (ဦးပိုင်နှင့်ရှမ်းရိုးမတို့လက်ဝါးကြီးအုပ်ထားသည့်) ကျောက်ဆောင်ကျောက်ကမ္ဘားထွက်ကျောက်ကောင်းများထက် အရည်အသွေးနိမ့်ကျနည်းပါးသည့်အထဲ ဒေသခံ နအဖစစ်တပ်များမှလည်းမကြာခဏဆက်ကြေးကောက်လေ့ရှိ၏။ အရပ်သားကျောက်ကွက်များအပေါ် (ခွင့်ပြုချက်ပါမစ်ဖိုးနှင့်တရားဝင်အခွန်အတုတ်များအပြင်) အောက်ဆိုက်ရိုက်စားကြေးအဖြစ် လုပ်ကွက်တစ်ကွက်လျှင် တလစာ အနည်းဆုံး ကျပ် ၁ သိန်းပေးရ၏။ တခါတရံလူကြီးလာလျှင် ဧည့်ခံစားရိတ်အတွက်၊ အလှူအတန်းပွဲလမ်းအတွက်၊ ဘာကြေးညာကြေးအတွက်ဟုဆိုကာ ၃-၄ သိန်းထည့်ဝင်ရသည်လည်းမကြာခဏပင်။ တောင်ပေါ်နှင့်မိုင်းရှူး၊ တောင်ပေါ်နှင့်လားရှိုး-တောင်ကြီးပြေးဆွဲသော (ကားအစီး ၃ဝ ကျော်ရှိ) မှန်လုံ၊ ဟိုင်းလက်စ်၊ ဖိုးဝီးလ်၊ ဗဲင်ကားများလည်း မိုင်းရှူးနှင့်တောင်ပေါ်တွင်စခန်းထိုင်သော (၂-၃ လ၊ တကြိမ်တပ်စုတပ်ခွဲအလိုက် အမြဲတမ်းလဲလှယ်လေ့ရှိသည်) ကွန်ဟိန်းအခြေစိုက် ခမရ ၄၂၂ နှင့် ကျေးသီးအခြေစိုက် ခလရ ၁၃၁ တို့အား၊ ကားတစ်စီးအတွက် တစ်လလျှင်အခွန် အောက်ထစ်ဆုံး ကျပ် ၂ သိန်းပေးဆောင်ကြရသေးသည်။

ဤသည်တို့ကား မိုင်းရှူးရတနာမြေမှအရိုင်းဘီလူးသတ္တဝါ၊ စစ်ဝါဒီအာဏာပိုင်များ သွေးစုပ်ခြယ်လှယ်မှု၏ တစိပ်တဒေသမြင်ကွင်းအကျဉ်းမျှပါတကား။

**သျှမ်းသံတော်ဆင့် ဦးစိန်ကြည်**
**၁၈-၇-၂ဝဝ၆**



INDP 225 SHAN & BUR.pmd 28 8/10/2006, 9:42 AM

# ဝေရှော်ကန်းအားစီးပွားရေးဆိုင်ရာတာဝန်များလွှဲအပ်

ဇူလိုင် ၁၈၊ ၂၀၀၆။

တရုတ်နယ်စပ်မှ နိုင်ငံရေးလေ့လာသူတစ်ဦး၏သတင်းပေးပို့ချက်အရ လွန်ခဲ့သော ၄–၇–၀၆ ရက်နေ့က ပန်ဆန်းမြို့ (ယခုပန်ခမ်းမြို့) တွင် (UWSA) ဝပြည်သွေးစည်းရေးတပ်မတော်မှ ထိပ်သီးခေါင်းဆောင်များအစည်းအဝေးပွဲတစ်ရပ် ကျင်းပခဲ့ပြီးနောက် အမှတ် ၁၇ ၁စစ်ဒေသတပ်မှူး–ဝေရှော်ကန်းအား စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တာဝန်လွှဲအပ်ပေးကြောင်းသတင်းရရှိသည်။



**ဝေရှော်ကန်း**

မကြာသေးမီက ဝေရှော်ကန်းသည် ဝ တပ်ဖွဲ့၏စစ်ရေးတာဝန်ကိုရယူရန်ရှိကြောင်း၊ သတင်းများပေါ်ထွက်ခဲ့သော်လည်း ဆန့်ကျင်သူများရှိခဲ့သည်ဟု ကြားသိရသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဝေရှော်ကန်းနှင့်ရင်းနှီးဖူးသော( ရှမ်းညီညွတ်ရေးတပ်မတော် SUA ခေတ်တွင်အတူထမ်းဆောင်ခဲ့သူ )ကိုမေးမြန်းရာ –

*“ရှေ့တိုးမယ့်ဆင်၊ နောက်ခြေတစ်လှမ်းဆုတ်ခြင်းဘဲဖြစ်တယ်။ စစ်ရေးကိုပါ တာဝန်ယူတာလည်းဖြစ်နိုင်ချေရှိပါတယ်။ နိုင်ငံရေးပိုင်းကိုတော့ သူလက်ခံမှာမဟုတ်ပါဘူး။ အ တဲ့သူတွေဘဲနိုင်ငံရေးလုပ်တယ်လို့ တစ်ခါကသူပြောခဲ့တာရှိပါတယ်။ဒါတွေက နှစ်ပေါင်း ၂၀ ကျော်ကြာခဲ့ပါပြီ။ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးနာမည်ပျက်ဘူးတဲ့အတွက် ခေါင်းဆောင်လုပ်လိုတဲ့ဆန္ဒမရှိသလို၊ ခေါင်းဆောင်လုပ်လိုကြောင်းတောင်းဆိုခြင်းလည်းမရှိခဲ့ပါဘူး”* ဟုဆိုပါသည်။ အသေးစိပ်အချက်အလက်ကိုမူ မသိရှိရသေးပေ။

နိုင်ငံရေးကျွမ်းကျင်သူများ၏သုံးသပ်ချက်အရ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဝေရှော်ကန်းအား တာဝန်လွှဲပေးခြင်းမှာ **UWSA** ဝပြည်သွေးစည်းရေးတပ်မတော်မှ ဘက်ပေါင်းစုံအကြပ်အတည်းများနှင့်ရင်ဆိုင်နေရသောကြောင့်ဖြစ်သည်။
ဥပမာ–

(၁) **UWSA** ဝပြည်သွေးစည်းရေးတပ်မတော် ခေါင်းဆောင်ပေါက်ယိုရှဲန်၏ကျန်းမာရေးချို့တဲ့လာသဖြင့် စစ်ရေး၊ နိုင်ငံရေးတို့တွင် အစ်ကိုဖြစ်သူပေါက်ယိုရီးနှင့်ညီဖြစ်သူပေါက်ယိုလျဲန့်တို့အား တာဝန်ခွဲဝေပေးခဲ့ခြင်း။

(၂) ဗိုလ်ချုပ်ခင်ညွန့်အာဏာကျသွားပြီးနောက်၊ အပစ်အခတ်ရပ်စဲထားသောအဖွဲ့များ ယခင်ကကဲ့သို့ အခွင့်အရေး မရရှိတော့ခြင်း။

(၃) ဝများရှယ်ယာပါဝင်ထားသောဘဏ်များ အပိတ်ပင်ခံရခြင်း။ (အာရှဓနဘဏ်၊ မြန်မာယူနီဗါဆယ်ဘဏ်၊ မြန်မာမေဖလားဝါးဘဏ်)

(၄) လွန်ခဲ့သော ၂၆–၅–၀၅ရက်နေ့ **UWSA** ခေါင်းဆောင်မှ ဝ ဒေသတွင် ဘိန်းစိုက်ပျိုးခြင်းမရှိစေရန်အမိန့် ထုတ်ပြန်ကြေငြာမှုကြောင့် ဝပြည်သူတို့၏စားဝတ်နေရေးများစွာထိခိုက်စေခဲ့ခြင်း။

(၅) ဝတပ်သားများ၏စားနပ်ရိက္ခာအတွက် ကျန်ရှိနေသောဘိန်းဖြူများသယ်ဆောင်ရောင်းချစဉ်ခိုက် နအဖတို့မှသျှမ်းပြည်အရှေ့ပိုင်းမိန်းပျဉ်းတွင် ဘိန်းဖြူ တန်ဝက် (ကီလို ၅၀၀ ခန့်) ဖမ်းဆီးရမိခြင်း။

(၆) ၂၀၀၅ခုနှစ် **UWSA**မှသျှမ်းပြည်တပ်မတော်တောင်ပိုင်း**SSA-S** လွိုင်တိုင်းလျဲန်းကိုတိုက်စဉ် လူသူလက်နက်အင်အားများစွာဆုံးရှုံးခဲ့ခြင်း။ ( ၇၀၀ ခန့် သေကြေဒဏ်ရာရ )

(၇) သစ်နှင့်သတ္တုသယံဇာတပစ္စည်းများ တရားမဝင်တင်ပို့ရောင်းချမှုကိုလက်ခံခြင်းမပြုရန် စစ်အစိုးရမှတရုတ်နိုင်ငံသို့ ၂၆–၃–၀၆ ရက်နေ့တွင် တင်ပြတောင်းဆိုမှုကြောင့်၊ ပန်ဆန်း၌ရောင်းမရသောကျွန်းသစ်များ အများအပြားစုပုံနေခြင်း။

စသည်ဖြင့် အခက်အခဲမျိုးမျိုးနှင့်ရင်ဆိုင်နေရသောကြောင့်ဖြစ်သည်။

**UWSA** ဝပြည်သွေးစည်းရေးတပ်မတော်ပေါ်ပေါက်လာပုံမှာ ၁၉၈၉ ခုနှစ်ဝနီများ ( **CPB** ) **Communist Party of Burma** ခေါ် ဗမာပြည်ကွန်မြူနစ်ပါတီအား ပန်ဆန်း၌ဆန့်ကျင်တော်လှန်ခဲ့သည်။ ထိုအချိန်တွင်တရုတ်၊ထိုင်းတို့မှဖမ်းဝရမ်းထုတ်ထားသလို၊ အမေရိကန်မှလည်း ဝေရှော်ကန်းအား ဒေါ်လာ ၂ သန်းဖြင့် ဝရမ်း



INDP 225 SHAN & BUR.pmd 29 8/10/2006, 9:42 AM

ထုတ်ထားသည်။ ဇရပ်ပျက်နှင့်တောင်ပံကျိုး အဖြစ်မျိုးကြုံရသည့် ငွေကြေးအခက်အခဲရင်ဆိုင်နေရသော ဝ တပ်ဖွဲ့အား ဝေရှော်ကန်းမှ ထိုင်းဘတ်ငွေ သန်း ၄၀ *(ထိုစဉ်က ငွေလဲနှုန်း ၁ ဒေါ်လာ၊ထိုင်းငွေ ၂၅ ဘတ်)*ကိုထုတ်ပေးခဲ့သည်။ ထိုအချိန်မှစ၍ ဝေရှော်ကန်းသည် UWSA ၏အမှတ် ၁၇၁ စစ်ဒေသတပ်မှူးအဖြစ် တာဝန်ယူခဲ့သည်။ ဝေရှော်ကန်းအား နာမည်ဂုဏ်ဖြင့် Remote Control *(ဝ အဝေးမှထိန်းချုပ်သူ)* ဟုနောက်ကွယ်တွင်၊ သူ့လူများက ခေါ်ဆိုခဲ့ကြသည်။

လွန်ခဲ့သော ၂၀၀၅ ခုနှစ်၊ နှစ်ကုန်ပိုင်းမှစပြီး UWSA ဝပြည်နယ်သွေးစည်းရေးတပ်မတော်ခေါင်းဆောင် ပေါက်ယိုရှဲန်၏ကျန်းမာရေးဆုတ်ယုတ်လာသည်။ တရုတ်ပြည်တွင်သုံးလဆေးကုပြန်လာပြီး၊ ၁၇–၂–၀၆ နှင့် ၁၀–၃–၀၆ ရက်နေ့တို့တွင် အစည်းအဝေး နှစ်ကြိမ်ကျင်းပခဲ့၏။ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော (၁) – UWSP ၏အထွေထွေအတွင်းရေးမှူးရာထူးကို ရှောဝ်းမင်လျဲန် အားဧင်း၊ (၂)– ဒေသတွင်းဘက်စုံဖွံ့ဖြိုးရေးကို အစ်ကိုဖြစ်သူပေါက်ယိုရီးအားဧင်း၊ (၃)– ကာကွယ်ရေးနှင့်လုံခြုံရေးကို ညီဖြစ်သူ ပေါက်ယိုလျဲန်အားဧင်း၊ အသီးသီးတာဝန်များခွဲဝေအပ်နှင်းခဲ့သည်။

UWSA ဝ ပြည်သွေးစည်းရေးတပ်မတော်ခေါင်းဆောင် ပေါက်ယိုရှဲန်၏ကျန်းမာရေးချို့တဲ့လာခြင်းနှင့် ဩဇာကြီးမားသော ကာကွယ်ရေးဦးစီးချုပ်ဟောင်း လီဇီးရူကွယ်လွန်သွားပြီးနောက်၊ ဝေရှော်ကန်းတို့ညီအစ်ကို ၃ ဦး၏ဩဇာအာဏာများကြီးမားလာသည်ဟု ဆိုသည်။ ၎င်းတို့၏အဓိကပင်မစီးပွားရေးလုပ်ငန်းကို တရုတ်ပြည်ထဲ ဝေရှော်ကန်း၏အစ်ကို ဝေရှော်လုံမှချုပ်ကိုင်ပြီး၊ ပန်ဆန်း ဒေသစစ်အင်အားနှင့်အမှတ် ၁၇ ၁ စစ်ဒေသနယ်မြေတို့၏စီးပွားရေးကို ဝေရှော်ကန်းမှဒိုင်ခံဖြေရှင်းသည်။ စစ်ရေးနှင့်အမှတ် ၁၇၁ စစ်ဒေသနယ်မြေချဲ့ထွင်ရေးကို ဝေရှော်ကန်း၏ညီဖြစ်သူ ဝေရှော်ယင်မှ တာဝန်ယူသည်။

ဝေရှော်ကန်းသည် ခွန်ဆာခေါင်းဆောင်သော ( SUA ) Shan United Army သျှမ်းညီညွတ်ရေးတပ်မတော်တွင် ၁၉၈၅ ခုနှစ် အထိပါဝင်ခဲ့သည်။ သို့သော် ၁၉၈၅ ခုနှစ်နောက်ပိုင်းတွင် ( SUA + SURA + SSA-S )တို့ ပူးပေါင်းပြီး၊ ခွန်ဆာဦးစီးသော( MTA ) Mong Tai Army သျှမ်းပြည်တပ်မတော်တည်ထောင်စဉ်က ပါဝင်ခြင်းမရှိတော့ချေ။ ၁၉၉၆တွင်ခွန်ဆာမှ နအဖစစ်အုပ်စုထံ လက်နက်ချခဲ့သည်။ ❑

# ထိုင်းနှင့်သျှမ်း ယဉ်ကျေးမှုဖလှယ်ပွဲ ယူနန်တွင်ကျင်းပရန်ရှိ

ဇူလိုင် ၁၉၊ ၂၀၀၆။

တတိယအကြိမ်မြောက် ထိုင်းနှင့်သျှမ်း ရိုးရာယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲကို ၁၃–၁၀–၀၆ မိန်းလားနှင့်မျက်နှာချင်းဆိုင်၊ (၁၆၀ ကီလိုမီတာကွာဝေးသော)တရုတ်နိုင်ငံယူနန်ပြည်နယ်ရှိ ဂျိန်းဟုန်မြို့တွင် ၃ ရက်ကြာကျင်းပမည် ဟုဆိုသည်။ နှီးနှောဖလှယ်ပွဲဖြစ်မြောက်ရေးအတွက် ဆစ်ဆောင်ပန္နားအစိုးရနှင့်ကူမင်းရှိ သျှမ်းကွန်မြူနတီအဖွဲ့မှ ငွေကြေးဆိုင်ရာများပံ့ပိုးကြမည်ဖြစ်သည်။ ဤသတင်းကို ထိုနှီးနှောဖလှယ်ပွဲတော်သို့ တက်ရောက်ရန်ဖိတ်ကြားခြင်းခံရသူထံမှ ကြားသိခဲ့ရသည်။

ပွဲတော်ဖြစ်မြောက်ရေးအတွက် ဒေသခံတာဝန်ရှိသူအကြီးအကဲများက နိုင်ငံတကာအဆင့်မီ နှီးနှောဖလှယ်ပွဲဖြစ်သည်နှင့်အညီအင်္ဂလိပ်ဘာသာ(စာ၊ စကား)ဖြင့်သာ စာတမ်းရေးသားပေးပို့ ၊ပြောဆိုတင်ပြကြရန် ဆုံးဖြတ်ကြသည်။ မိမိတင်ပြပြောဆိုလိုသောအကြောင်းအရာများကို ၂၀–၈–၂၀၀၆ နောက်ဆုံးထား ပေးပို့ကြရမည် ဖြစ်သည်။ ဤလိုသျှမ်းရိုးရာယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲကို ပ–ကြိမ်၊ ၉–၄–၀၃ မှ ၁၂–၄–၀၃ ထိ၊ တရုတ်နိုင်ငံယူနန်ပြည်နယ် တယ်ဟုန် (တိုက်ခုန်း)ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းမြို့တော် မိန်းခွမ်တွင်ကျင်းပပြီး၊ ဒု–ကြိမ် ၂၀၀၅ ကို တရုတ် မြန်မာနယ်စပ်ဂျယ်ဂေါင်တွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထိုနှီးနှောဖလှယ်ပွဲသို့ သျှမ်း၊ ကချင်၊ ထိုင်း၊ မဏိပူရ၊ ဗီယက်နာမ်၊ ဂျပန်၊ ဂျာမနီ၊ ကနေဒါ မှဘာသာပြန်သူ၊ တင်ပြသူ၊ လေ့လာသူများပါဝင်ပြီး၊ လူပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့သည်။ နှီးနှောဖလှယ်ပွဲမတိုင်မီနေ့ရက်များ၌ တာဝန်ရှိသူများက နှီးနှောဖလှယ်ပွဲသို့တက်ရောက်လာသူများအား ဒေသန္တရလေ့လာရေးခရီးအဖြစ်၊ တယ်ဟုန် (တိုက်ခုန်း)ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်း၏အတွင်းရှိ မိန်းခွမ်၊ မိန်းဝမ်း၊ (စန့်ဟော့င်)၊ မိန်းမောဝ်းနှင့်(လွန်ခဲ့သော ၁၉၆၀ ခုနှစ်၊ ယဉ်ကျေးမှုတော်လှန်ရေးတွင် တစ်ခုတည်းအဖျက်စီးမခံခဲ့ရသော)မိန်းတီး သျှမ်းစော်ဘွားဟော်နန်းဟောင်း တို့ကိုလေ့လာခဲ့ရသည်။

သျှမ်းမျိုးနွယ်စုများသည် နေရာဒေသအနှံ့အပြား တွင်နေထိုင်လျှက်ရှိရာ မိမိတို့၏ရိုးရာယဉ်ကျေးမှုဓလေ့၊ အမူအကျင့်များကွဲပြားမှုမရှိစေရန်ရည်ရွယ်၍ ဤထိုင်းနှင့်သျှမ်းရိုးရာယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲကို ပြုလုပ်ခြင်းပင်ဖြစ်သည်ဟုဆိုကြောင်း။ ❑

**2004 ဧပြီလကယူနန်ပြည်နယ်တယ်ဟုန် (တိုက်ခုန်း)တိုင်း မြို့တော် မိန်းခွမ် (မန်ရှိ) မြို့တွင်မြစ်လေးသွယ်ချိုင့်ဝှမ်းသျှမ်းမျိုးနွယ်စု ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲကျင်းပခဲ့စဉ်ကပြဖျော်ဖြေမှုတခု**





INDP 225 SHAN & BUR.pmd 30 8/10/2006, 9:42 AM

# ပြည်သူ့စစ် နှင့် နအဖ တပ်ကို SSA-S စီးနင်းသိမ်းပိုက်

ဇူလိုင် ၂၁၊ ၂၀၀၆။

၂၀–၇–၀၆ နေ့က သျှမ်းပြည်တပ်မတော်တောင်ပိုင်း **SSA-S** တပ်မဟာ ၇၅၉ သည် သျှမ်းပြည်အလယ်ပိုင်းရှိ ဌာနေပြည်သူ့စစ်နှင့် နအဖတပ်တို့ရှိနေသော တပ်စခန်းတစ်ခုကို လျှပ်တပြက်ဝင်ရောက်တိုက်ခိုက် စီးနင်းသိမ်းပိုက်ရာ၊ နအဖနှင့်ပြည်သူ့စစ်အချို့ သေကြေဒဏ်ရာရပြီး၊ **SSA-S** မှလက်နက်အချို့ သိမ်းဆီးရရှိကြောင်း **SSA-S** သတင်းရပ်ကွက်က ဆိုသည်။

အင်အား ၈၀ ကျော်ခန့်ရှိ သျှမ်းပြည်တပ်မတော်တောင်ပိုင်း **SSA-S** တပ်မဟာ ၇၅၉ မှတပ်ဖွဲ့သည် မိုင်းကိုင်မြို့နယ်၊ မိုင်းယွမ်းတိုက်နယ်၊ မိုင်းယွမ်းရွာရှိ စိုင်းကျော်ဦးဆောင်သော ပြည်သူ့စစ်အဖွဲ့ အခြေစိုက်ရာတပ်စခန်းအား အနီးကပ်ဝိုင်းရံတိုက်ခိုက်ခဲ့စဉ်၊ ပြည်သူ့စစ် ၂၀ ခန့် နှင့်ခမရ ၅၁၄ တပ်စိပ်တစ်စိပ်အတူရှိနေပြီး၊ နံနက် ၆ နာရီမှ ၈ နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲအပြီးတွင် **SSA-S** မှ **60** မမ–မော်တာ ၁လက်၊ **M 79 (40** မမ**)** ၁လက်၊ **M 22** ၁လက်၊ **M 16** ၁လက်၊ ကာဘိုင် ၁လက်၊ **9** မမ–ပစ္စတို ၁လက်၊ **Icom** စကားပြောစက် ၁ လုံးနှင့်ကျည်ဆံအများအပြား သိမ်းဆီးရရှိသည်။ ပြည်သူ့စစ် ၃ ဦးသေပြီး၊ နအဖတပ်သား ၃ ဦးဒဏ်ရာဖြင့် ထွက်ပြေးလွတ်မြောက်၍ ပြည်သူ့စစ်ခေါင်းဆောင်စိုင်းပန်းအား ၎င်းကိုင်ဆောင်သည့် ပစ္စတို၊ စကားပြောစက်နှင့်အတူ လက်ရဖမ်းဆီးမိခဲ့သည်။ **SSA-S** ဘက်မှ ထိခိုက်ဒဏ်ရာရခြင်းမရှိဟု ဆိုသည်။



Photo: SSA

**SSA-S** တပ်ဖွဲ့က စခန်းတဲများကိုမီးရှို့ဖျက်ဆီး၍ တိုက်ပွဲနေရာနှင့်ဒေသတွင်းကျေးရွာလူကြီးများထံ လာရောက်တိုက်ခိုက်ခဲ့ရသည့် အကြောင်းနှင့်စပ်လျဉ်း၍ လက်ကမ်းစာစောင်များဖြန့်ဝေပြီး ပြန်လည်ထွက်ခွာသွားသည်။ ထိုစာစောင်အဆိုအရ ဤပြည်သူ့စစ်အဖွဲ့သည် သျှမ်းအချင်းချင်းဖြစ်ပါလျက် နအဖတပ်နည်းတူ ရွာသူရွာသားများအပေါ် အတင်းအဓမ္မလုပ်အားခိုင်းစေခြင်း၊ ဆက်ကြေးကောက်ခြင်း၊ ဒဏ်တပ်ခြင်းအပြင် လယ်ယာခြံမြေနှင့်ကျွဲ၊နွားများသိမ်းယူခြင်း စသည့်လုပ်ရပ်များပြုလုပ်လေ့ရှိသဖြင့် ကူညီဖြေရှင်းပေးပါရန် ပြည်သူများမကြာခဏ သွားရောက်တောင်းဆိုသဖြင့်၊ တိုက်ခိုက်ရခြင်းဖြစ်ကြောင်း ပါရှိသည်။

ဤပြည်သူ့စစ်အဖွဲ့သည် ၁၄–၃–၀၄ နေ့ကကွယ်လွန်ခဲ့သည့် ဗိုလ်မှူးကြီး– ကဏ်းရွက် ဦးဆောင်သော ယခင်ကသျှမ်းပြည်အမျိုးသား တပ်မတော် **SSNA** တပ်မဟာ ၂၇၅ ဖြစ်သည်။ ၁၉၉၅ တွင်အပစ်ရပ်ခဲ့သည့် **SSNA** ၏ ဌာနချုပ်မှာ သီပေါမြို့နယ်၊ ခိုက်ဆင်မ်ရွာတွင် တည်ရှိသည်။ ၁၉၉၆ ၌ မိုင်းယွမ်းသူကြီးဦးဆောင်သည့် တပ်မဟာ ၂၇၅ တပ်ဖွဲ့သည်မိုင်းကိုင်မြို့တွင် နအဖထံလက်နက်ချခဲ့ရာ၊ နအဖမှ လက်နက်ပြန်လည်အပ်နှင်း၍ သကဆဖ အဖြစ်ရပ်တည်ခဲ့သည်။ တပ်မဟာမှူး–မိုင်းယွမ်းသူကြီး စဝ်ကန္ဒကွယ်လွန်သည်နှင့် မိုင်းယွမ်းနှင့်ဝမ့်ယိမ်းအဖွဲ့ဟူ၍ နှစ်ခြမ်းကွဲသွားပြီး၊ ဒု–ဗိုလ်မှူးကြီးမောင်လှနှင့် ဗိုလ်မှူးအက္ကဦးဆောင်သည့် ဝမ့်ယိမ်းအဖွဲ့မှာမေလအစောပိုင်းကပြန်လည်တောခိုသွားခဲ့သည်။ ထိုအဖွဲ့အား ၂–၅–၀၆ တွင် တောင်ကြီးအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှဒုတိုင်းမှူး ဗိုလ်မှူးချုပ်–ဝင်းမြင့် ဦးဆောင်၍ ပင်လုံမြို့နယ် ဝမ့်ယိမ်းသို့ သွားရောက်ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ဘိန်းမဲ ၃၈၀ ကီလို၊ ဘိန်းညို ၃ အိတ်နှင့်မြန်မာငွေကျပ် သန်း ၁၀၀၀ သိမ်းဆီးရမိခဲ့သည်။ ထိုအကြောင်းကို ဒု–ဗိုလ်မှူးကြီး မောင်လှက **BBC** အား ဘိန်းလုပ်ငန်းဖြင့်ဝင်ငွေရှာပေးရန် ဗိုလ်မှူးချုပ်–ဝင်းမြင့်ကိုယ်တိုင် ထိုငွေများပေးခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။ ၁၆–၇–၀၆ ရက်နေ့ လဲချားမြို့ ဗိုလ်မှူးကြီး–မိန်းစင့်အဖွဲ့ လက်နက်ချပွဲအခန်းအနား၌ အဆိုပါ ဘိန်းမဲ၊ ဘိန်းညိုများကို နအဖက ပြည်တွင်း၊ပြည်ပသတင်းထောက်များအား မီးရှို့ဖျက်ဆီးပြသခဲ့ခြင်း ဖြစ်သည်။

၂၀–၇–၀၆ မွန်းလွဲပိုင်း၌ သျှမ်းပြည်တပ်မတော်တောင်ပိုင်း **SSA-S** ဌာနချုပ်၊ လွိုင်တိုင်းလျန်းတွင်လည်း စဝ်မိန်းစင့်အဖွဲ့လက်နက်ချပြီး၊ **SSA-S** အားနာမည်ပျက်စေရန် နအဖမှလုပ်ကြံပြောဆိုကြေငြာမှုနှင့်မိုင်းယွမ်းပြည်သူ့စစ်အဖွဲ့အား သွားရောက်တိုက်ခိုက်ရမှုများအပေါ်၊ တုန့်ပြန်ဖြေရှင်းရန် အစည်းအဝေးပွဲတစ်ရပ်ကျင်းပခဲ့သည်ဟုဆိုကြောင်း။ ❑



INDP 225 SHAN & BUR.pmd 31 8/10/2006, 9:42 AM



# ဝမ်းမဝဘဲ သီလစောင့်ခိုင်းနေသော နအဖ

ဇူလိုင် ၂၂၊ ၂၀၀၆။

နအဖစစ်အစိုးရက တစ်ပြည်လုံးရှိဝန်ထမ်းများအား ဘဏ်တွင် မဖြစ်မနေ ငွေစုဆောင်းခိုင်းရာ ဝန်ကြီးဌာနအားလုံးမှဝန်ထမ်းများ– လစာနှုန်းထားအလိုက် အချိုးကျ မစုမနေရအမိန့်ဖြင့်၊ လစာများသောသူက လစာ၏ သုံးပုံတစ်ပုံ၊ လစာနည်းသူက လေးပုံတစ်ပုံ စသည်ဖြင့် စုခိုင်းနေသည်ဟုဆိုသည်။

စစ်တပ်အတွင်း လူပျိုတပ်သားတစ်ဦးလျှင် လစာထဲမှ ကျပ် ၁ သောင်း၊ အိမ်ထောင်သည်တပ်သား ကျပ် ၅ ထောင်နှုန်း ဘဏ်ငွေစုစာအုပ်များဖြင့် လစဉ်စုခိုင်းနေခြင်းဖြစ်သည်။ လစာ ကျပ် ၁ သိန်းနှင့်အထက်ရရှိသော ပြန်တမ်းဝင်အရာရှိများကိုမူ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းရှင် ( M-4 ) ဖွင့်ခိုင်းပြီး၊ ချက်လက်မှတ်ဖြင့် လစာထုတ်ယူသောစနစ်ကို ဇွန်လမှစ၍ ပြောင်းလဲကျင့်သုံးခဲ့သည်။ လစာငွေများသော အရာရှိကြီးများနှင့်ကြားပေါက်ဝင်ငွေရှိသည့် ဝန်ထမ်းများအတွက် ပြဿနာမရှိလှသော်လည်း၊ လစာနည်းသောဝန်ထမ်းများအတွက်မူ ကြီးလေးသော မိသားစုစားရိတ်နှင့်လက်ရှိကုန်ဈေးနှုန်းများကြောင့် ငွေစုချင်သော်လည်း မစုနိုင်ကြချေ။

ထို့ကြောင့် စက်မှု(၁)ဝန်ကြီးဌာနလက်အောက်ရှိ မော်ဘီမြို့နယ်စက်ရုံအတွင်း ဆူပူမှုများဖြစ်ပေါ်ခဲ့စဉ် ပြည်ထဲရေးဝန်ကြီးကိုယ်တိုင် ဝန်ထမ်းများအား သွားရောက်တွေ့ဆုံ၊ ဆွေးနွေးခဲ့ရသည်။ ထိုအကြောင်းကို ပြည်ထဲရေး ဝန်ကြီး–ဗိုလ်ချုပ်မောင်ဦးကလည်း ဝန်ထမ်းများအား အတင်းအကြပ်ငွေစုဆောင်းခိုင်းခြင်းသည် ရှစ်လေးလုံး အရေးအခင်းကဲ့သို့ အထွေထွေဆူပူ၊ ဆန္ဒပြမှုများ ကျယ်ပြန့်စွာဖြစ်ပေါ်လာနိုင်ကြောင်းကို ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး–စိုးဝင်းထံ အစီရင်ခံတင်ပြခဲ့သောကြောင့်၊ ၎င်းက အတင်းအကြပ်ငွေစုခိုင်းခြင်းမပြုလုပ်ရန် ညွှန်ကြားချက်အသစ်တရပ် ထပ်မံထုတ်ပြန်ခဲ့ရသည်။ သို့သော်မကြာသေးမီက စည်ပင်သာယာရေးဝန်ကြီးဌာန ဗိုလ်မှူးကြီး –သိန်းညွှန့်မှ စည်ပင်သာယာရေးဌာနတစ်ခုတည်း၏ဝန်ထမ်းများအား မစုမနေရအမိန့်ဖြင့် ဘဏ်တွင်ငွေစုစေခဲ့သည်။

ကမ္ဘာ့ငွေကြေးနှင့်နိုင်းယှဉ်ပါက နအဖထုတ်လုပ်သောငွေကြေးမှာ တစ်နှစ်ထက်တစ်နှစ်ဖေါင်းပွလာသောကြောင့် ကုန်ဈေးနှုန်း အဆမတန် မြင့်တက်လာသည်။ စစ်အစိုးရမှ ဝန်ထမ်းများအားလစာ တိုးမြှင့်ပေးလိုက်၊ ကုန်ဈေးနှုန်းများမြှင့်တက်လိုက်နှင့် (ကြောင်က ကြွက်ကိုကစားသလို) ဝန်ထမ်းများ ငတ်တလှည့်ပြတ်တလှည့် လုံးချာလည်နေသည်။ ၂၀၀၆၊ ဧပြီလတွင် နအဖစစ်အစိုးရမှ ဝန်ထမ်းများ၏လစာငွေကို အနိမ့်ဆုံး ၅ ဆမှ ၁၂ ဆထိတိုးမြှင့်ပေးခဲ့ပြီး၊ ဝန်ထမ်းများအား ဘဏ်များ၌ငွေစုစေခြင်းဖြင့်၊ ၎င်းတို့ချုပ်ကိုင်ထားသောဘဏ်များတွင် တဘက်လှည့် ငွေများပြန်လည်ဝင်ရောက်လာစေရန် ကြိုတင်စီစဉ်ထားခြင်းဖြစ်သည်။

စစ်အစိုးရဖွင့်လှစ်ထားသော ဗဟိုဘဏ်နှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏အတိုးနှုန်းများကို ၁–၄–၀၆ မှစ၍ ၂ ရာခိုင်နှုန်းထပ်မံတိုးမြှင့်ပေးလိုက်ကြောင်း၊ နအဖက ၁၆–၄–၀၆ ရက်နေ့တွင် တရားဝင်ကြေငြာခဲ့သည်။ သို့သော်လည်း ဝမ်းမဝ၍သီလ မစောင့်နိုင်သောဝန်ထမ်းများကြောင့် နအဖစစ်အစိုးရမှာ မှန်းချက်နှင့်နှမ်းထွက် မကိုက်ဖြစ်ခဲ့ရသည်။ ထို့ပြင် သုံးနှစ်အတွင်း နအဖစစ်အစိုးရမှ ဘဏ်များစွာကို ဖျက်သိမ်းခဲ့ရာ ပြည်သူလူထုက ဘဏ်အပေါ် ယုံကြည်မှုကင်းမဲ့လာမှုကလည်း အကြောင်းတရပ်ဖြစ်သည်။

စစ်အစိုးရသက်တမ်း ၁၈ နှစ်တာကာလအတွင်း တပြည်လုံးရှိဝန်ထမ်းအတော်များများ အကျင့်စာရိတ္တပျက်ပြားကာ ရာထူးများလက်ခံရရှိရေးအတွက် အထက်ဖား၊ အောက်ဖိစနစ်ကြောင့် မင်းဆိုးဒဏ်ခံရသည့်ပြည်သူတို့မှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ချွတ်ချုံကျခဲ့ရသလို၊ လူမှုရေးချိုးဖောက်မှုများလည်း ဘက်ပေါင်းစုံခံစားနေရသည်။

**NDD ၏ အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက် အမှတ်စဉ် (၂၅၆)၊ "ဖင်မနိုင်ပဲ ပဲကြီးဟင်း စားခဲ့မိတဲ့ နအဖ" ဆောင်းပါးကို အကျဉ်းချုံး ကောက်နုတ်ဖော်ပြသည်။** ❑



INDP 225 SHAN & BUR.pmd 32 8/10/2006, 9:42 AM

# သျှမ်းပြည်သူရဲကောင်းတစ်ဦး၏ အတ္ထုပ္ပတ္တိ ဆင်ဆာဖြတ်ခြင်းခံရ

ဇူလိုင် ၂၃၊ ၂၀၀၆။



ဦးတင်ဧ

သျှမ်းပြည်သားတစ်ဦးဖြစ်သော ဦးတင်ဧ၏အတ္ထုပ္ပတ္တိကို Press Scrutiny and Registration Division ( PSRD ) စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာနမှပယ်ချခဲ့ကြောင်း နိုင်ငံရေးလေ့လာသူတစ်ဦး၏ အဆိုအရ သိရသည်။

ဦးတင်ဧ၏ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းကြောင်းများပါဝင်သော အတ္ထုပ္ပတ္တိ စာအုပ်တွင် အခန်း ၁၂–ခန်းပါဝင်၏။ စာမျက်နှာ ၂၁၂–မျက်နှာပါဝင်သော ထိုလက်ရေးစာမူကို စာပေစိစစ်ရေးအဖွဲ့သို့ မေလနှောင်းပိုင်းကတင်ပြခဲ့ရာ၊ ပယ်ချခြင်းခံခဲ့ရသည်။ ထိုစာအုပ်ကို ရေးသားပြုစုခဲ့သူမှာ ဦးတင်ဧနှင့်နှစ်ပေါင်းများစွာရင်းနှီးခဲ့သော နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်–အဖျက်သိမ်းခံ Democratic League for the National Races of Shan State ( DLNRSS ) သျှမ်းပြည်တိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်၏ ဥက္ကဋ္ဌဟောင်း၊ အသက် ၈၃ နှစ်ရှိ ဦးရွှေအုံး (ညောင်ရွှေ) ဖြစ်သည်။ ဦးတင်ဧသည် ၁၉၉၅ ခုနှစ်၊ အသက် ၇၉ နှစ်အရွယ်၌ တောင်ကြီးမြို့တွင် ကွယ်လွန်ခဲ့သည်။

ဦးတင်ဧ၏ နောက်ခံလှုပ်ရှားမှု သမိုင်းကြောင်းကို ဖွင့်လှစ်ရှင်းလင်းထားသော *"ဦးတင်ဧ (သို့မဟုတ်) ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဖခင်တစ်ဦး"*အမည်ရှိ စာအုပ်ကိုရေးသားသူဦးရွှေအုံးက ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေလိုကြောင်းထုတ်ဖော် ပြောဆိုခဲ့သည်။ ထိုစာအုပ်ထုတ်ဝေမှုမခံရခြင်း၏ လုံလောက်သောအကြောင်းပြချက်ကို မသိရပေ။

ထိုစာအုပ်ထဲတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးဖခင်ကြီးတစ်ဦးဖြစ်သကဲ့သို့၊ ဦးတင်ဧသည်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်ဆောက်ခဲ့သူ အဓိကထိပ်တန်းခေါင်းဆောင်များစာရင်းတွင် အဆင့် ၁၀ ထက်မနိမ့်ကြောင်း၊ ၎င်းအား *"ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖခင်ကြီးတစ်ဦး"* ဟုခေါ်ဆိုသင့်ကြောင်း စာရေးသူကရှင်းပြထားသည်။ ❑



Photo: NLM

## ဘာသာရေးလွတ်လပ်ခွင့်ချိုးဖောက်မှုပြယုဂ်

နဝတ တို့အာဏာသိမ်းပြီးနောက်ပိုင်း ၁၉၉၁ ကတည်းက ဒေသခံတိုင်းရင်းသားပြည်သူများ၏အလိုဆန္ဒမပါဘဲ လူမျိုးစုများ၏ သမိုင်းကြောင်းကို ပြောင်းလဲဝါးမြိုပစ်ရန်နှင့် မိမိနာမ်ကိုမြှင့်၊သူတစ်ပါး၏ နာမ်ကိုနှိမ်ရန်ဟူသော ၎င်းတို့၏ဦးတည်ချက်အရ စီးပွားရေးလုပ်ငန်း ရှင်၊ ကုမ္ပဏီပိုင်ရှင်၊ အပစ်ရပ်အဖွဲ့ခေါင်းဆောင်၊ မြို့မိမြို့ဖများ၏ထည့်ဝင် ငွေခပ်များများဖြင့် ယခုကဲ့သို့သျှမ်းပြည်အနှံ့ ရွှေတိဂုံပုံတူစေတီ ၇–၈ ဆူအထိ၊ နအဖတို့တည်ဆောက်ခဲ့ခြင်းမှာ ဘာသာရေးလွတ်လပ်ခွင့် ကို ကျူးလွန်ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ဤပင်လုံရွှေတိဂုံပုံတူစေတီ ကိုလည်း နမဖထိပ်သီးကြီးတဦးဖြစ်သူ အတွင်းရေးမှူး (၁) ဗိုလ်သိန်း စိန်က သျှမ်းပြည်တောင်ပိုင်းအနှံ့ရှိ သံဃာပေါင်းစုံ၊ ကျောင်းထိုင်ပုဂ္ဂိုလ် အားလုံးနှင့် မြို့နယ်အသီးသီးမှဂေါပကရပ်မိရပ်ဖအားလုံးအပေါ် အမိန့်ပေးဆင့်ခေါ်ပြီး၊ ၁၂–၂–၂၀၀၆ တပို့တွဲ၊ လပြည့်နေ့တွင် ထီးတင်ပွဲပြုလုပ်ခဲ့သည်။

# တရုတ်နယ်စပ်ရှိအဖွဲ့များအား ထိုင်းနယ်စပ်ရှိအဖွဲ့များလိုအတုယူစေလို

ဇူလိုင် ၂၆၊ ၂၀၀၆။

မြန်မာနိုင်ငံမှဝင်လာသော မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏မျက်စိနှင့်နားကဲ့သို့ သတင်းပေးကူညီကြရန် တရုတ်မြန်မာနယ်စပ်တလျှောက် အခြေစိုက်ကြသောအဖွဲ့အစည်းများအား ပြောဆိုခဲ့ကြောင်း၊ တယ်ဟုန် ခေါ် တိုက်ခုန်း ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းရှိ တရုတ်ရဲဘက်ဆိုင်ရာအရာရှိတစ်ဦး၏အဆိုအရ သိရှိရသည်။

ထိုင်းနယ်စပ်တလျှောက်တွင် လှုပ်ရှားကြသည့် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) နှင့် သျှမ်းပြည်တပ်မတော်တောင်ပိုင်း (SSA-S) စသောအဖွဲ့အစည်းများသည် ထိုင်းနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းတားဆီးရေးတွင် တတပ်တအားပါဝင်ကူညီကြသည်ကိုတွေ့ရကြောင်း။ တရုတ်နယ်စပ်တလျှောက်ရှိ အဖွဲ့အစည်းများကလည်း စီးပွားရေးအကျိုးအမြတ်တစ်ခုတည်းကိုသာ စိတ်ဝင်စားနေကြသည်ကိုတွေ့ရကြောင်း။ ထို့ကြောင့်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ထိုင်းနယ်စပ်က အဖွဲ့များနည်းတူ ပါဝင်လက်တွဲကာကွယ်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

တရုတ်မြန်မာနယ်စပ်တလျှောက်ရှိ MNDAA အထူးဒေသ ၁ ကိုးကန့်အဖွဲ့ ၊ အထူးဒေသ ၂ UWSA ဝ တပ်ဖွဲ့ ၊ KDA ကချင်ဒီမိုကရက်တစ်တပ်ဖွဲ့၊ နမ့်ခမ်းမြို့နယ် ပန်းဆေး၌ာနေပြည်သူ့စစ်၊ မန့်ပန်၌ာနေပြည်သူ့စစ်တပ်ဖွဲ့ စသည့်အဖွဲ့အစည်းများသည် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နာမည်ကြီးသူများဖြစ်ကြသည်။

၂၀၀၅ခုနှစ်၊ ဇွန်လတွင် ဝ ဒေသအား မူးယစ်ဆေးဝါး ကင်းမဲ့ဇုံနယ်မြေအဖြစ် UWSA ခေါင်းဆောင် ပေါက်ယိုချန်က ကြေငြာခဲ့သည်။သို့သော် မျှော်လင့်ထားသကဲ့သို့ ပြည်ပအကူအညီများမရလာခဲ့သည်သာမက ဝ အရာရှိတချို့က လက်ကျန်ပစ္စည်းများကိုသယ်ဆောင်ရောင်းချခဲ့စဉ်


Photo: SHAN

ကျေဂေါင်နယ်စပ်ဂိတ်

၂၀၀၅ခုနှစ်၊ စက်တင်ဘာလ၌ သျှမ်းပြည်အရှေ့ပိုင်း မိုင်းပျဉ်းတွင် ဘိန်းဖြူကီလို ၅၀၀ ခန့်ကိုနအဖမှ ဖမ်းဆီးခဲ့သည်။ ထို့ပြင်တရုတ်ပြည်သို့ သစ်နှင့်သတ္တု တင်ပို့ရောင်းမှုလည်း ပိတ်ပင်ခြင်းခံခဲ့ရပြန်သည်။ ၂၆–၆–၀၆ ကမ္ဘာ့မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့တွင် UWSA ဒု–ဥက္ကဋ္ဌ ရှောက်မင်လျန်က အခက်အခဲများ မည်မျှပင်ကြုံတွေ့စေကာမူ ဝ ဒေသအား မူးယစ်ဆေးဝါးအရိပ်မည်းအောက်မှ လွတ်မြောက်သည်အထိ ဆောင်ရွက်သွားမည်ဟု ထပ်မံထုတ်ဖော်ကြေငြာခဲ့ပြန်သည်။

တရုတ်ကွန်မြူနစ်အစိုးရ၏ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မတီ National Narcotics Control Committee (NNCC) ၏ လက်ထောက်အတွင်းရေးမှူးချုပ် Chen Cunyi ချိန်စွန်းယီက တရုတ်ပြည်အတွင်းဝင်လာသောမူးယစ်ဆေးဝါးများမှာ မြန်မာနိုင်ငံရွှေတြိဂံဒေသမှ အများဆုံးဖြစ်ကြောင်း တရုတ်အစိုးရအာဘော် ရှင်းဟွာသတင်း၌ာနက ၂၂–၆–၀၆ ရက်နေ့တွင် ရေးသားခဲ့သည်။

---


Hamlay

## ရော်ဘင်ဟုဒ် အလိုရှိသည်

○ ကနေ့ဗမာပြည်မှာ စားစရာမရှိတဲ့လူတန်းစားနဲ့၊
ထားစရာမရှိတဲ့လူတန်းစား ၂ ရပ်ဘဲရှိတော့တယ်တဲ့။

❑ ဒီလိုဆိုရင် စားစရာမရှိတဲ့လူတန်းစားထဲက သတ္တိပြောင်မြောက်တဲ့
ရော်ဘင်ဟုဒ်လို သူရဲကောင်းတွေများများရှိမှဘဲ
ဒီမိုကရေစီတော်လှန်ရေး မြန်မြန်အောင်မှာပေါ့။



INDP 225 SHAN & BUR.pmd 34 8/10/2006, 9:42 AM

# အိုဘယ့်စစ်ဝါဒီ



➢ ငါသာလျှင်သိ၊ ငါသာလျှင်တတ်
ငါသာမြတ်တဲ့၊ စိတ၀ါတ်အမှား
ငရဲလားမဲ့၊ အိုဘယ့်စစ်ဝါဒီ။

➢ ကုန်ဈေးကုန်နှုန်း၊ တရှန်းရှန်းတက်
ခက်ခဲဗျာပွေ၊ လူတွေဒုက္ခ
သိကြသော်ငြား၊ စိတ်မဝင်စားပြီ–စစ်ဝါဒီ။

➢ ပြည်သူငတ်မွတ်၊ ချွတ်ခြုံကျတာ
တွေ့မြင်ပါလျက်၊ နားမျက်စိရှန်း
ပင်းကန်းသွားပြီ–စစ်ဝါဒီ။

➢ ဘယ်သူသေသေ၊ ငသေမာပြီးရော
ငါတကောကောနဲ့၊ ဇတ်မျှောပတ်ရစ်
ဆယ့်ခြောက်နှစ်ကြာ၊ ကြီးစိုးလာပြီ–စစ်ဝါဒီ။

➢ ငါ့မြင်းငါစိုင်း၊ စိတ်မှိုင်းသွေးထိုး
ဆိုးခိုးနှိပ်ကွပ်၊ အမာရွတ်ရိုင်း
သမိုင်းစာမှာ၊ မဟာဘွဲ့ထူး
အရူးဘုရင်နာမည်–စစ်ဝါဒီ။

**စိုင်းမောက် ( သျှမ်းပြည် )**
**၂၁–၅–၂၀၀၆**

## ဒို့ခေါင်းဆောင်



# ကျားဆီကတောင်းလို့ဘယ်ရပါ့

အမေကစားစေချင်လို့ထားပေးတဲ့မုန့်ကို ကြွက်လာဆွဲတာ မြင်နေလျက်နဲ့လှဲနေရာက ထဖို့ပျင်းလို့ ဒီအတိုင်းကြည့်နေတယ်။ အဲသလောက်ကို ပျင်းတာ။အမေက *"သားဒီအတိုင်းမနေနဲ့ လူပျိုဖြစ်လာပြီ"* တဂျီဂျီပြောဖန်များတော့ သူများတွေဘာလုပ်ကြသလဲ၊ စစ်ကြောလေ့လာတယ်။ တောရွာဓလေ့အတိုင်း ငှက်ထောင်၊ ငါးမြှုံးထောင်တဲ့အလုပ်ကိုမြင်လာခဲ့တယ်။ ငါးမြှုံးမှာ ခရုအစာတွေထည့်ပြီးတော့ သစ်ပင်ပေါ်ချိတ်ဆွဲထားခဲ့တယ်။ ဖြစ်ချင်တော့ ဖျိုင်းတကောင် မြှုံးထဲမှာမိနေတယ်။ *"ငပျင်းယေ"*လည်းဝမ်းသာအားရနဲ့ဖျိုင်းကိုဖမ်းလိုက်တယ်။ပြီးတော့ *"အမေ့ဆီနင်သွား။ တခြမ်းကို ခရမ်းသီးငြုတ်၊ ရှမ်းနံနံနဲ့ချက်၊ တခြမ်းကို မီကင်ထားလို့ပြောလိုက်"* ဆိုပြီး လွှတ်လိုက်တယ်။

နေမွန်းတည့်လို့ ထမင်းဆာဆာနဲ့ အိမ်ကို *"ငပျင်းယေ"*ပြန်လာတယ်။ ဖျိုင်းသားဟင်းနဲ့ အဝလွေးမယ်ဆိုပြီး ရေမိုးချိုးတယ်။ ထမင်းစားခါနီး *"အမေ ဖျိုင်းသားဟင်းကော"*လို့မေးတယ်။သူ့အမေက *"ဘယ်က ဖျိုင်းသားဟင်းလဲ"*။ *"ကျနော်ဖျိုင်းတကောင်မိလို့ အမေ့ဆီကို ဟင်းချက်ဖို့လွှတ်ပေးလိုက်တယ်"* *"အော် ငါသဘောပေါက်ပြီ ။ နောက်တခါ အဲဒီလို ဖြူဖြူဖွေးဖွေးဖျိုင်းတွေတွေ့မိရင်သေအောင်ရိုက်သတ်၊ အမွေးနုတ်၊ မီးဖုတ်ပြီးမှယူလာရတယ်"* လို့အမေက ပြောပြတယ်။ ရက်အတန်ကြာတော့ ခါးပုံစကြီးကြီးနဲ့ထုတ်လာပြီး၊ တုတ်နဲ့စေ့စေ့ညက်ညက်ကြေအောင်ရိုတ်သတ်ယူလာတဲ့ တောင်ပို့မှိုအကြေအမွတွေ အမေ့ရှေ့မှာ သွန်ချလိုက်တော့၊ အမေက *"သားငပျင်းယေ" "ဒီလိုဟာမျိုးတွေတွေ့ရင်၊ သာသာလေးတခုချင်း နုတ်ယူရတယ်"* လို့ပြောပြတယ်။ ရက်အတန်ကြာတော့၊ တကိုယ်လုံးရောင်ကိုင်း၊ အော်ဟစ်ငိုယိုပြီးရောက်လာတယ်။ သားဘာဖြစ်သလဲမေးတော့၊ ပျားကောင်အနည်းငယ်ကိုပြတော့ အမေက *"ဒီလိုဟာမျိုးတွေ့ရင်၊ ဝါးလုံးခြောက်တွေစည်းပြီးမီးနဲ့ရှို့ရတယ်။ ဒါမှစားစရာပျားရည်တွေရမယ်"*လို့ပြောပြပြန်တယ်။




ညနေပိုင်းရောက်တော့ ဝါးလုံးတွေစည်းပြီး ငပျင်းယေ ထွက်သွားရာနောက်ကို သူ့အမေလိုက်သွားတယ်။ ရသေ့တပါးတရားထိုင်နေတာကို မီးရှို့ဘို့အကြံနဲ့ပေါ့။ ဒါကို သူ့အမေသဘောပေါက်သွားပြီး၊ ချော့မော့ခေါ်လာရတယ်။ *"သားငပျင်းယေ၊ ရသေ့ရဟန်းတွေ၊ တွေ့ရင် အရှင်ဘုရင်းစားစရာရှိရင် တပည့်တော်ကို စွန့်ကြဲပါလို့တောင်းခံရင် စားစရာတွေအများကြီးရတယ်"* လို့ပြောပြတယ်။ တနေ့ကျားကြီးတကောင် တောစပ်မှာနေပူစာလှုံနေတာတွေ့တော့၊ ငပျင်းယေက *"အရှင်ဘုရား၊ စားစရာရှိရင်ပေးပါ"*လို့တောင်းတော့၊ ကျားကြီးက ငပျင်းယေကို ကိုက်သတ်လိုက်တယ်။

ဒီပုံပြင်ဟာစာရေးသူတို့ငယ်ငယ်တုန်းက အလွှန် နှစ်သက်ခဲ့တဲ့ အိပ်ယာဝင် ပုံပြင်တွေထဲကတစ်ခုအပါအဝင်ဖြစ်ပါတယ်။

1988 ခုနှစ်မှာ အင်းစိန်စက်မှုလက်မှုသက္ကသိုလ်က ကိုဖုန်းမော်နဲ့ ကျောင်းသားနောက်တစ်ဦး သတ်ဖြတ်ခံရမှုကနေ၊ ကျောင်းသားများ ဦးဆောင်မှုနဲ့ စတင်ဖြစ်ပေါ်ခဲ့တဲ့ လူထုအုံကြွမှုကြီးကြောင့်၊ ဦးနေဝင်း အာဏာရှင်စနစ် ဘုန်းဘုန်းလဲခဲ့ရသလို၊ လူမမယ်၊ စာမမြောက်၊ ရှစ်နှစ်သမီးကျောင်းသူအစ၊ ရဟန်းရှင်လူ၊ ပြည်သူအများအသက်ပေါင်းများစွာ၊ ဘဝပေါင်းများစွာစတေးခဲ့ရတယ်။ သွေးပေါင်းများစွာ၊ ကျောင်းစိမ်းလုံချည်ဝတ်ထားတဲ့ကျောင်းသားထုကို၊ ဗိုလ်စိုးဝင်း ပစ်မိန့်ပေးလို့ စစ်သားတွေ ပစ်သတ်နေတဲ့ မြင်ကွင်းက ယခုတိုင်မမေ့နိုင်ကြသေးသလို၊ နောင်လည်းမေ့ကြမှာမဟုတ်ဘူး။ ဒါပေမဲ့သိသူ 100 ကနေ 1000 အထိ 1 နှစ်ကနေနှစ်များစွာအထိ၊ တိုးပွားသိမြင်ခွင့်မရှိအောင် စစ်အာဏာရှင်တွေ လုပ်ကြတယ်။ နားမျက်စိတွေအကုန်လုံးပိတ်ထားတယ်။လွန်ခဲ့တဲ့ 1967 ခုနှစ် စစ်တွေမြို့မှာ ဆန်ပြုတ်ပြုတ်သောက်စရာဆန်မရှိဖြစ်နေကြတဲ့လူဆင်းရဲတွေ၊ ဆန်ဂိုဒေါင်ထဲက ဆန်တွေထုတ်ပေးဖို့ငြိမ်းချမ်းစွာထိုင်ပြီး တောင်းဆိုကြတယ်။ ဒီအဖြစ်အပျက်ဆိုရင် မြန်မာပြည်သား 1% တောင်မသိကြတော့ဘူး။ မကြာသေးတဲ့ ဒီပဲယင်းလူသတ်ပွဲကော ဘယ်နှစ်နှစ်လောက် သိနေကြအုံးမှာလဲ။ ဒီအဖြစ်သနစ်တွေဟာ ပုံပြင်မဟုတ်ဘူး။ တကယ့်စစ်အာဏာရှင်တွေရဲ့ ရက်စက်ယုတ်မာမှုတွေပါ။

အရင်လည်းမကောင်းခဲ့၊ ယခုလည်းပိုဆိုး၊ နောင်အချိန်မှာ သာ၍သာ၍၊ ယုတ်မာလိမ္မည်မှာ၊ မြေကြီးလက်ခတ်မလွဲနိုင်။ အခံသက်သက်အနစ်သက်သက်၊ စုတ်ပြတ်ခဲ့ကြရတဲ့ ကျနော်တို့ပြည်သူတွေ၊ ဒီအဖြစ်ဆိုး၊ ဒီစံနစ်ဆိုးကဘယ်လိုဘယ်တော့ လွှတ်မြောက်နိုင်မလဲ စဉ်းစားခဲ့ကြတယ်။ စဉ်းစားနေကြတယ်။ ရှင်းရှင်းလေးပါဘဲ။ တော်လှန်ရမယ်၊ဟုတ်တယ် ကျနော်တို့တော်လှန်ရမယ်။ နှစ်ပေါင်းလေးငါးဆယ် အခုလည်းတော်လှန်နေဆဲ၊ တတိုင်းပြည်လုံးအလို မရှိတဲ့စစ်အာဏာရှင်တွေကြောင့် ဒီလောက်သက်ဆိုးရှည်နေရတာ စစ်ဗိုလ်တွေ သိပ်တော်နေလို့လား ? ။ ဒါမှမဟုတ် ကျနော်တို့ တော်လှန်ရေးဘက်တော်သားတွေညံ့လို့လား?။ မညံ့ဘူး၊ တော်လှန်ရေးဘက်တော်သားတွေလုံးဝမညံ့ဘူး။ ဒါဆိုရင်တိုင်းပြည်ကံဇာတာညံ့နေလို့လား?။



INDP 225 SHAN & BUR.pmd 36 8/10/2006, 9:42 AM

ထောက်ခံအားပေးသူ၊ စစ်အာဏာရှင်လက်အောက်က လွတ်မြောက်လိုသူ သန်းငါးဆယ်မြန်မာပြည်သူတွေရှိလျက်နဲ့ ဘာကြောင့် ဒီစနစ်ဆိုးကို အမြစ်ပါမကျန်၊ မလှန်ပစ်နိုင်ရမလဲ။ရကိုရ ရမှာပေါ့။ လုပ်ဖို့ပဲလိုတာ၊ သူများလုပ်မပေးဘူး၊ ကိုယ်တိုင်လုပ်ရမှာ၊ ကုလသမဂ္ဂအားကိုးလိုက်၊ အီးယူအားကိုလိုက်၊ အာဆီယံအားကိုးလိုက်၊ ကိုဖီအာနန်၊ ပင်ညဲရိုး၊ ရာဇာလီ မျှော်ကိုးလိုက်၊ ဘာမှဖြစ်မလာတဲ့အပြင် NLD, SNLD စတဲ့နောက်ဆုံး လက်ကျန်ပါတီနဲ့ခေါင်းဆောင်တွေ၊ ချေမှုန်းဖြုတ်ထုတ်၊ သတ်ဖြတ်ခံကြရတယ်။ ပြည်သူတွေမှာ ရေနည်းငါးပမာ ဖြစ်နေကြရပြီ။ ကမ္ဘာ့ဒီမိုကရေစီရေစီးကြောင်းနဲ့အတူ သုံးပွင့်ဆိုင်ဆွေးနွေးရေး တောင်းဆိုကြတယ်။ ဗြိတိသျှအစိုးရကို အာဏာဖီဆန်ရတာကောင်းတယ်။ သူတို့ကလူထုဆန္ဒကိုလေးစားတယ်။ ဥပဒေကို စောင့်သိရှိသေတယ်။ ဗမာစစ်တပ်က ဥပဒေရှိသေသူများ မဟုတ်။ လက်နက်မပါတဲ့လူထုကိုသတ်ဖြတ်မှာသေချာတယ်။ သူတို့ကိုလက်နက်နဲ့ပြန်တိုက်မှ ကြောက်မှာဖြစ်တယ်။ လက်နက်နဲ့ပြန်တိုက်မှသူတို့ပြေးမှာသေချာပါတယ်။

သားစဉ်၊မြေးဆက်၊ ဆယ်သက်စားမကုန်၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်အပြည့်၊ လောကကြီးမှာ၊ဘာမှလိုလေသေးမရှိအောင် ချမ်းသာကြွယ်ဝနေရာက၊ ဘယ်လိုလုပ်ပြီး၊ လူရာမဝင်၊ လူတောမတိုးတဲ့ဘဝအရောက်ခံမလဲ။ ကမ္ဘာ့အစဉ်းလဲဆုံးနည်းနာနိသျှတွေသုံးပြီး အာဏာမြဲနိုင်သမျှမြဲအောင်ကြိုးစားကြတော့မှာပေါ့။ စစ်အာဏာရှင် အစဉ်အဆက်၊ တိုင်းပြည်တိုးတက်ရေးကိုဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး။ ပြည်သူတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူ့အဆင့်မှီရေးကိုယခင် ယခု၊ နောင် မစဉ်းစားဘူး။

ကျနော်တို့စဉ်းစားပြင်ဆင်ရမှာက၊ စစ်ဗိုလ်ကောင်းစားရေး၊ အာဏာတည်မြဲရေး NLD ပါတီဝင်တွေနဲ့တခြားတိုင်းရင်းသားပါတီတွေ ဒီမိုကရေစီလိုလားသူတွေ မပြုတ်ပြုတ်အောင်၊ မထွက်ထွက်အောင် လုပ်နေကြတဲ့၊ သူတို့သတင်းစာ၊ ရေဒီယိုကအရှက်မရှိကြော်အောင်ညာနေကြတာဟာ သူ့ရဲဘောကြောင်တဲ့ "*မှဆိုးမအကြံ*"ပါ။ ရင့်ကျက်တည်ကြည်တဲ့စစ်သားကောင်းတွေရဲ့ လုပ်ရပ်မဟုတ်ဘူး။ တရားသဖြင့် သတ္တိရှိရှိ၊ မဲပုံးထောင် ကြည့်ပေါ့။

ယူအဲန်လည်းအားမကိုးနဲ့၊ အီးယူအာဆီယံလည်း ဝင်မကယ်နိုင်ဘူး။ နှစ်ပွင့်ဆိုင်သုံးပွင့်ဆိုင်ဆွေးနွေးရေးလဲမမျှော်လင့်နဲ့တော့။ စစ်တပ်ကတော့အာဏာကို မပေးရေးချ–မပေးပါ။ ကျနော်တို့မျက်စိထဲမှာ မြင်နေကြရမှာက လမ်းပေါ်မှာသေဆုံးသွားခဲ့ကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေ၊ ထောင်သွင်းအကျဉ်းချပြီးမသေမချင်း ညှင်းဆဲခံရရင်းသေသွားရသူတွေ၊ နှိပ်စက်မှုမျိုးစုံ ခံနေကြတဲ့နိုင်ငံရေးအကျဉ်းသားတွေ၊ တောတွင်းမှာ၊ စားနပ်ရိက္ခာမပြည့်မစုံနဲ့ တိုက်ပွဲဝင်ဆဲသူရဲကောင်းတွေ၊ ဒီမိုကရေစီရမှ အမျှဝေပေးမဲ့ တမလွန်ကဒီမိုကရေစီ သူရဲကောင်းဝိညာဉ်တွေ၊မရေမတွက်နိုင်အောင်မြောက်များစွာ ပျက်သွားကြတဲ့ဘဝတွေ၊ အသက်တွေ။ ဒါတွေကို ခါးခါးသီးသီးသိမှတ်ထားရပါမယ်။ အာဏာရှင်ဆိုမှတော့ ငြိမ်းချမ်းရေးဆွေးနွေးပါဦးမလား?။

90 ရွေးကောက်ပွဲရလဒ် အသိအမှတ်ပြုကိုမပြုဘူးဆိုတဲ့ လူမိုက်ပုံစံနဲ့နေလာခဲ့ပြီး၊ NLD ကိုတစ်တိုင်းပြည်လုံးအလိုမရှိတော့သယောင် ဟန်ဆောင်နေပြန်တယ်။ ဒီလိုအဓမ္မဝါဒီဖက်ဆစ်စစ်အုပ်စုကို အာဏာလွှဲပေးပါ။ ဆွေးနွေးပါလို့ပြောလို့မရနိုင်ပါ။ လက်နက်ကိုင်နေတဲ့သူကို၊ ခင်ဗျားလက်နက်၊ သစ်ပင်ပေါ်ချိတ်ထား၊ ကျုပ်နဲ့လက်သီးချင်းထိုးမလားလို့ပြောလို့ ရမတဲ့လားဗျာတို့။

ငှက်ပျောသီးနဲ့ မုန့်ပဲသွားရေစာသွားတောင်းတဲ့ "*ငပျင်းယေ*"ပဲ အဖြစ်ခံကြမလား? ဗိုက်ကားကားနဲ့ထိုင်နေတဲ့ ကျားအိုစဉ်းလဲကို စိစိညက်ညက်ကြေအောင် ဝိုင်းသတ်ကြမလား။ အမြန်ဆုံး၊ ဆုံးဖြတ်အကောင်အထည်ဖော်ဖို့ အချိန်တန်ပြီမဟုတ်ပါလား။

ကျော်သောင်း (ကျောက်ဖြူ–ရခိုင်ပြည်)
၂၀၀၆ မေလ



Hamlay

# ယနေ့ အန္တရာယ်သည် နအဖ မနက်ဖန် အန္တရာယ်သည် ဝ လော?

ဗိုလ်ချုပ်အောင်ဆန်းက ပြောခဲ့ပါတယ်။ လွတ်လပ်ရေး ရအောင် တိုက်ယူနိုင်တာထက် လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင်လုပ်ရတာ အများကြီးပိုခက်ကြောင်း စကားပုံခပ်ကြမ်းကြမ်း လေးပေးပြီး မှတ်မိသားမိအောင် ဆိုခဲ့တယ်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒီမိုကရေစီကိုရအောင်တိုက်တာနဲ့ ဒီမိုကရေစီအမြစ်တွယ်ရှင်သန်အောင်လုပ်ရတာ ပိုမိုခက်ခဲမှာဖြစ်ကြောင်း ဆိုခဲ့ပြန်ပါတယ်။

ကျုပ်တို့နိုင်ငံမှာ ဒီမိုကရေစီရပြီးရင်တွေ့ကြုံနိုင်တဲ့ အခက်အခဲတွေကြားမှာ အဓိကအကျဆုံးတစ်ခုကတော့ တရားဥပဒေ စိုးမိုးရေးပါဘဲ၊ ကွန်မြူနစ်အာဏာရှင်စနစ်ဖျက်သိမ်းပြီး၊ ဒီမိုကရေစီစနစ်ကို ရှေ့ရှုမယ်ဆိုပြီး သွားတဲ့နေရာမှာ တရားဥပဒေစိုးမိုးရေး ခိုင်မာသင့်သလောက်မခိုင်မာတဲ့ ရုရှားနဲ့တရားဥပဒေစိုးမိုးရေးပျက်ပြားနေတဲ့ အီရတ်တို့ကိုကြည့်ပါ။

သမ္မတပူတင် ကိုဘယ်လောက်ဘဲ အာဏာရှိဖြစ်တယ်ပြောပြော မော်စကိုမြို့ရဲ့လုံခြုံရေးဟာ ယခုထက်ထိ မာဖီးယားတွေရဲ့လက်ထဲမှာ ရှိပါသေးတယ်။ ဒီအတိုင်းဘဲ အီရတ်ရဲ့လုံခြုံရေးကတော့ အထူးပြောစရာမလိုပါဘူး။ အကြမ်းဖက်သမားတွေက ဥပဒေရဲ့အထက်မှာရှိနေကြတာပါ။ ဥပဒေက လက်လှမ်းမမှီသေးပါဘူး။

လူထုအတွက်ကလည်း ဒီမိုကရေစီအခွင့်အရေးတွေ လုံခြုံရေးအကြောင်းပြချက်နဲ့ ကန့်သတ်ခံနေရသလို၊ မရိုးသားတဲ့အုပ်ချုပ်သူကလည်း လုံခြုံရေးအကြောင်းပြပြီး အာဏာရှင်စနစ်ဆီ တဖြည်းဖြည်း ဆွဲခေါ်သွားနိုင်ပါတယ်။

ကျုပ်ဆောင်းပါးရဲ့ ခေါင်းစဉ်ကို ဝ လို့ အမည်တပ်မိတဲ့အတွက် ရိုးသားတဲ့ဝအမျိုးသားတွေ၊ မူးယစ်ရာဇာတွေရဲ့ ဖိနှိပ်အသုံးချမှုကို ခံနေရတဲ့ ကျုပ်တို့ဝပြည်သူတွေကို အလေးအနက်တောင်းပန်ပါတယ်၊ ရိုးသားတဲ့ ဝတွေနဲ့ ရက်စက်ပြီးလောဘကြီးတဲ့ မူးယစ်ရာဇာဝတွေ မတူကြဘူးဆိုတာကို ကျုပ်တို့အသေအချာသိပါတယ်။ ဒါပေမဲ့ ကျုပ်တို့ပြည်သူအများစုကြီးကတော့ ရိုးသားတဲ့ဝတွေရဲ့ဆန္ဒတို့၊ အသံတို့ကို ဘယ်လိုအကြောင်းကြောင့်ဘဲဖြစ်ဖြစ် သိပ်မကြားမိလေတော့၊ တာဝန်ရှိတဲ့ ဝတိုင်းရင်းသားတွေရဲ့အသံကိုလည်းကြားချင်တာနဲ့ အခုလိုခေါင်းစဉ်တပ်မိတာကို ခွင့်လွှတ်ပေးဖို့ ထပ်ဆင့် တောင်းပန်ပါရစေ။

မိတ်ဆွေတို့ စဉ်းစားကြည့်ပါ။ ဒီမိုကရေစီ ရပြီဆိုပါစို့။ ဒီမိုကရေစီမှာ တရားဥပဒေစိုးမိုးရေးက တွဲပြီးပါကို ပါလာရမှာဖြစ်ပါတယ်။ လူတွေကို သံသယနဲ့ ဖမ်းချင်တိုင်းဖမ်းလို့ မရပါဘူး။ ဥပဒေမဲ့ပြီး တရားဥပဒေချိုးဖေါက်တတ်သူတွေဟာ ဥပဒေကို ကိုယ်ကျိုးအတွက် ဘယ်လိုအသုံးချရမယ်ဆိုတာကို ကြိုတင်ပြင်ဆင်ထားတဲ့ လူတွေဖြစ်တတ်ပါတယ်။ မြန်မာပြည်တစ်နိုင်ငံလုံးရဲ့စီးပွါးဘဏ္ဍာထက်တောင် ပိုမိုကြီးမားကောင်းကြီးမားနိုင်တဲ့ မူးယစ်ငွေမဲတွေရယ်၊ ဒီငွေတွေနဲ့ဝယ်ယူထားတဲ့၊ များပြားလှတဲ့ခေတ်မှီလက်နက်တွေရယ်၊ ဒီမူးယစ်ရာဇာတွေရဲ့ အတောမသတ်နိုင်တဲ့ လောဘရယ်ဒါတွေကို ပေါင်းစပ်ကြည့်ပါ။ တရားဥပဒေကို လက်တစ်လုံးခြားလုပ်နိုင်တဲ့ငွေနဲ့ တရားဥပဒေကို ခြိမ်းခြောက်နိုင်တဲ့ လက်နက်တွေဟာ အညွန့်အညှောက်ပေါက်ခါစ ဒီမိုကရေစီ အခြေခံအဆောက်အအုံတွေကို အရင်းအမြစ်က ဆွဲနှုတ်လိုက်နိုင်ပါတယ်။

တစ်ဆက်တည်းမှာဘဲ ကတွတ်ပေါက်ကဗျိုင်းလိုစောင့်နေတဲ့ အာဏာရူး စစ်ဗိုလ်ချုပ်တွေ ရှိခဲ့ရင်ပေါ့လေ၊ လုံခြုံရေးပျက်ပြားတယ်ဆိုပြီး ဒီမိုကရေစီကို ဇာတ်သိမ်းလိုက်နိုင်တာဘဲ။ အဲ့ဒီနောက်တော့ မူးယစ်ရာဇာနဲ့အာဏာရူး စစ်ဗိုလ်ချုပ်တွေ ယခင်ကလိုနှစ်ပါးသွား ဇာတ်လမ်းပြန်ရိုက်ပြီး ကျုပ်တို့တစ်နိုင်ငံလုံးကို ဒူးနဲ့မျက်ရည်သုတ်နေရအောင် လုပ်နိုင်ပါတယ်။

ကျုပ်ကို ကိုယ့်အန္တရာယ် ကိုယ်မသိတဲ့ ငမိုက်သားဘဲပြောပြော၊ ကျုပ်ကတော့ ကျုပ်ဆန္ဒအမှန်ကို ပြောပါရစေ။ တနေ့ကျရင် ကျုပ်တို့တနိုင်ငံလုံး ငယ်ထိပ်မြွေပေါက်သလို ခြေမကိုင်မိ၊ လက်မကိုင်မိ အသေအချာဖြစ်လာတော့မယ့်၊ ဝမူးယစ်ရာဇာတွေရဲ့ ပြဿနာကို သက်ဆိုင်ရာ ဒီမိုကရက်တစ် အဖွဲ့အစည်းများအနေနဲ့ မသိချင်ယောင်ဆောင်နေလို့ မသင့်တော်တော့ပါ။

ဝရှော်ကန်းနဲ့ ကျုပ်တို့နဲ့မဆိုင်ပါဘူး ဆိုတာလောက်နဲ့တော့ အလုပ်မဖြစ်ပါဘူး။ ယူ၊ ဒဗလျူ၊ အက်စ်၊ အေ အနေနဲ့ လှေနံနှစ်ဖက်မနင်းဘူးဆိုတာ ကျုပ်တို့ပြည်သူတွေ ရှင်းရှင်းလုပ်ပြဖို့အချိန်တန်နေတာကြာပါပြီ ။ တစ်ခြားဝအဖွဲ့အစည်းတွေနဲ့ ဝပြည်သူတွေရဲ့အသံကိုလည်းဖြစ်နိုင်ရင် ကြားချင်ပါတယ်။ မူးယစ်ဆေးဝါးကြောင့် လူထုလည်း ဒုက္ခရောက်၊ တိုင်းပြည်လည်း သိက္ခာကျနေပါတယ်။ ဖိုးသူတော်မျက်စေ့လည်လေ၊ ဆန်ရလေ ပုံစံမျိုးနဲ့တော့ မူးယစ်ပြဿနာကို ရှင်းနိုင်မယ်မထင်ပါ။

တိုင်းရင်းသားလူမျိုးများကောင်စီ (အီး၊ အင်၊ စီ) ကိုလည်း မြွေပွေးခါးပိုက်ပိုက်သလို မဖြစ်စေလိုပါ။ အီး၊ အင်၊ စီ က တာဝန်ပိုကြီးတယ်လို့ထင်ပါတယ်။

**ကိုအောင်ထီ (၁၂-၁၁-၂၀၀၅)**





INDP 225 SHAN & BUR.pmd 38 8/10/2006, 9:42 AM

# သျှမ်းခေါင်းဆောင်ကွယ်လွန်ခြင်း ၂ နှစ်ပြည့် ဂုဏ်ပြုပွဲကျင်းပ

ဇူလိုင် ၂၄၊၂၀၀၆။

နယ်စပ်အခြေစိုက်သျှမ်းပြည် နိုင်ငံရေးလူမှုရေးအသင်းအဖွဲ့ ၂၂ စု၏ငွေကြေးထည့်ဝင်ထောက်ပံ့မှုရယူပြီး၊ သျှမ်းလူငယ်ကော်မတီ၏ ကမကထပြုမှုဖြင့် – ပထမဦးဆုံး ပြည်ထောင်စုမြန်မာနိုင်ငံသမ္မတ–ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၏သား၊ သျှမ်းခေါင်းဆောင် ဒေါက်တာယူဂျင်း Dr. Eugene Thaike (ခေါ်) စဝ်ဇန့်ယောင်ဖွေ့ ကွယ်လွန်ခြင်း ၂ နှစ်ပြည့် အထိမ်းအမှတ်ဆုတောင်းပွဲကို နယ်စပ်တနေရာတွင်ကျင်းပရာ တိုင်းရင်းသားအဖွဲ့ဝင်အတော်များများ တက်ရောက်ခဲ့ကြသည်။


Photo: SHAN

အခန်းအနားပွဲမတိုင်မီ နံနက်ပိုင်း၌ စဝ်ဇန့်ယောင်ဖွေ့အား ရည်စူး၍ သျှမ်းဘုန်းကြီးကျောင်းတစ်ကျောင်းတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ဆုတောင်းပွဲပြုလုပ်ခဲ့ကြသည်။ ဆုတောင်းပွဲပြုလုပ်ရခြင်းမှာ စဝ်ဇန့် ၏ လုပ်ဖော်ကိုင်ဖက်များနှင့်မျိုးဆက်သစ်လူငယ်များပူးပေါင်း၍ ကုသိုလ်ကောင်းမှုပြုခြင်းဖြင့် စဝ်ဇန့်အားကုသိုလ်ပွား အမျှဝေရန်ဖြစ်ပြီး ရှေ့ဆက်ရမည့်လမ်းစဉ်များတွင် လူကြီးနှင့်လူငယ်လက်တွဲ ဆောင်ရွက်သွားကြရန်ဖြစ်သည်။ အခန်းအနားကို ၁၃း၃၀ မှ ၁၇း၃၀ အထိကျင်းပပြီး စဝ်ဇန့်၏ဂုဏ်ပုဒ်နှင့်သမိုင်းဝင်လုပ်ဆောင်ချက်များကို တယောက်စီစမြုန့်ပြန် ထုတ်ဖော်ချီးကျူး ထောပနာပြုကြသည်။ စဝ်ဇန့်ယောင်ဖွေ့ Chao Tzang(ခေါ်)Dr. Eugene Thaike (ခေါ်) Sao Hso Lern Hpa (ခေါ်) Sao Hso Wai သည်လွန်ခဲ့သော ၂၄–၇–၀၄ ခုနှစ်က ဦးနှောက် အတက်ပေါက်ရောဂါဖြင့် အသက် ၆၅ အရွယ်၌ကနေဒါပြည် ဗဲန်ခူးဗါးမြို့တွင် ကွယ်လွန်ခဲ့သည်။

စဝ်ဇန့်သည် ၁၉၆၃–၂၀၀၄ အထိ ၄၁ နှစ်ကြာ တော်လှန်ရေးဘဝကို အပြောမဟုတ်၊ လက်တွေ့အလုပ်ဖြင့် ခန္ဓာကြွေ၊ ဇီဝိန်ချွေသည်အထိ အမျိုးသားရေးတာဝန် ထမ်းရွက်ခဲ့သူဖြစ်သည်။ တော်လှန်ရေးသက်တမ်းတလျှောက် သျှမ်းပြည်လွတ်လပ်ရေးတပ်မတော် (SSIA)၊ သျှမ်းပြည်တပ်မတော် (SSA)၏ အဓိကခေါင်းဆောင်၊သျှမ်းဒီမိုကရက်တစ်အစည်းအရုံး (SDU)၏ အကြံပေးပုဂ္ဂိုလ်၊အမျိုးသားပြန်လည်သင့်မြတ်ရေး အစီအစဉ် (NRP) နှင့်ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)၏ အတိုင်ပင်ခံအရာရှိ၊ တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (ENSCC) ၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နောက်ပိုင်းတိုင်းရင်းသားလူမျိုးများကောင်စီ (ENC) ၏နာယကနှင့် ENSCC ဥက္ကဋ္ဌ အဖြစ် ၂၀၀၄ အထိနောက်ဆုံးတာဝန် ထမ်းဆောင်ခဲ့သူဖြစ်သည်။

အောက်မေ့ဂုဏ်ပြုပွဲအခန်းအနားတွင် စဝ်ဇန့်၏တောတွင်းလက်နက်ကိုင်တော်လှန်ရေးကာလလှုပ်ရှားမှု သမိုင်းဝင်ဓါတ်ပုံများ ခင်းကျင်းပြသထားသကဲ့သို့ Projector ဖြင့် ဗိုလ်မှူးကြီးကဏ်းယွက်နှင့်အတူ ဒီမိုခရေစီနှင့်အမျိုးသား ရပိုင်ခွင့်တော်လှန်ရေး မှတ်တမ်းတင်ဓါတ်ပုံများလည်း ပြသခဲ့သည်။

အခန်းအနားသို့ တိုင်းရင်းသားခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များ၊ ဆရာနှင့်ကျောင်းသားလူငယ်များအပါအဝင် နိုင်ငံခြားသားများပါ တက်ရောက်ခဲ့ကြပြီး၊ စဝ်ဇန့်အကြောင်းနှင့်စပ်လျဉ်း၍ သျှမ်းသံတော်ဆင့်အယ်ဒီတာ–ဦးခွန်စိုင်း၊ ဗိုလ်မှူး–ခွန်ဥက္ကာ (ပအိုဝ်း)၊ ဒေါ်ရှယ်လီ (KWAT)၊ စဝ်ဆိုင်စစ် (SDU)၊ ခွန်တက်လူ(ပအိုဝ်း)၊ ဆရာလုကာ(လားဟူ)၊ နှင့် သျှမ်းသံတော်ဆင့်မှ စိုင်းဆဲန်ဂျင့်တို့က အသီးသီးဂုဏ်ပြုစကားပြောကြားခဲ့ကြသည်။


Photo: SHAN

နောက်ဆုံးအနေနှင့်ကျဆုံးလေပြီးသော မျိုးချစ်ခေါင်းဆောင်များနှင့်တကွအကျဉ်းကျခံနေရသော သျှမ်းပြည်ခေါင်းဆောင်များ အမြန်ဆုံးပြန်လည် လွတ်မြောက်စေရန် ဆုတောင်းပွဲများပြုလုပ်၍ အခန်းအနားကို ရုပ်သိမ်းလိုက်ကြသည်။

အခန်းအနားအပြီးတွင် အခန်းအနားတက်ရောက်သူများက သျှမ်းတိုင်းရင်းသားများဒီမိုခရေစီအဖွဲ့ချုပ် (SNLD) ခေါင်းဆောင် ခွန်ထွန်းဦး နှင့်နိုင်ငံရေးခေါင်းဆောင်များအမြန်ဆုံးပြန်လွှတ်ပေးရေးအတွက် တက်ကြွစွာပါဝင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ❑

# ၶဝ်ႈၶၢင်ႇယွင်ႁူၺ်ႈ

[ၸုၵ်းထူပ်းဝူၼ်ႉၸွပ်ႈ၊ ၸူပ်းႁွပ်ႈသွင်ပီ၊ မွင်ၸီသေလၢႆတွၼ်း၊ လဝ်ႈလပ်းၼွၼ်းလိုဝ်ႈယိၼ်လပ်ႉလွႆငိုၼ်းၶမ်းပိၵ်ႈ။]



- မၼ်းလဝ်ႈပိၼ်ၽူႈၼမ်းၶၼၢင်း ၵွၼ်ဝၢင်းၽိၼ်ၵၢၼ်မိူင်းလၼ်ႉသုင် လွႆႈလၼ်လုင်ၸိုၵ်းတၼ်းလုမ်ႈမျႃႉ ႁွႆႈလၢဝ်းၸိူဝ်းမေႃၸိင်ႈတႃႇၸိၼ် ၶဝ်ႈပိူင်ပိၼ်လၢႆးၵဝ်ႇတိုၼ်ႈၵိပ်ႈ ၵိုင်ႇလိပ်ႈလွမ်းငဝ်းလၢႆးပၢၼ်မႂ်ႇ လွႆယႂ်ႇပိုင်ႈၵၼ်ႁူႈလၢဝ်းလၢတ်ႈ သူၼ်းလၢတ်ႈ 7 ၶေႃး မိူင်းၸွၼ်ႈႁိူင်း ၵွမ်ပိင်းယိပ်းလၵ်းၼမ်းၵတ်ႈၵတ်း သုၼ်ႇလႆႈတိပ်းတတ်းတူဝ်ၵဝ်ႇပုၼ်ႈလွတ်ႈလိဝ်း လိယိူင်း 10 တိဝ်းလၢႆးၵိမ်ႈၵမ်ႉ
- လုလ်ၢၼ်းၼမ်ႉလိဝ်ႈဝၢႆႈၽေႃတ်ႈ၊ ပၢတ်ႇၸဝ်ႈႁူပ်ႈငမ်ႇတေႃ ထေႃႁိူဝ်းၸိုၼ်ႈလွမ်းၽွင်ႇ၊ ႁိတ်းၼင်ႇၵိတ်ႇမၼ်းငေႊ တူလ်ၢ်းမေႃႈႁႃးသွႆႇၸဝ်ႈ၊ လဝ်ႈႁႆႈတိ ႇတူၼ်ႈတေႃ မေႃ–လိုၼ်ႈၽေးလၢင်ႈႁႆၢႉ၊ ၸၢႆႉတူဝ်–ႁူၼ်ၵႆႇတေႃႇ ထွင်ၼမ်ႉလေႃႇတူမ်းႁူး၊ ပႆယိပ်ႇလူႈႁၢင်ၸူၵ်ႉ ၵမ်ႇလွႆႈ “ႁူၵ်ႉၶၵႉႁွၵ်ႉၶၵႉ” ၼင်ႇၵမ်ႈၽွင်ႈၶသုၼ်း။

သိင်ၸဝ်ႇႁွၵ်ႈ (1/8/06)

## Helper needs help !

ၵေႃႉၵၢၼ်းႁူႇၵိူးမၢၵ်ႇႁိၼ်လူင်ၸၢင်တၢင်း
ႁွင်ႉႁႆႈသိုၼ်ႇၸၢင်းႁွပ်ႈတိူင်တိၼ်မၼ်းၸိုၼ်း

Dedicated to those who have
“returned to the legal fold”
“to clear the way for the struggle”




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org